ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (23-7-2006) (၅၀၂၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီရတ်အာရပ်သမ္မတနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၆ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဟို(စ်)နီ မူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်၏စက်မှုကဏ္ဍမှာ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများမှ ဘက်စုံစက်မှုဖွံ့ဖြိုးရေးသို့ ကူးပြောင်းစဖြစ် စက်မှုဖွံ့ဖြိုးရေးနှင့် အဓိကပံ့ပိုးရမည့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေး ဟန်ချက်ညီညီတိုးတက်ရေးစီမံပေးနေ ပုဂ္ဂလိကကဏ္ဍအနေဖြင့် တိုးချဲ့ရန်အလားအလာကောင်းသည့် စက်မှုလုပ်ငန်းများကို ဆန်းစစ်ရွေးချယ် ကြိုးပမ်းဆောင်ရွက် ရွေ့အပို့တွင် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ အဆင်ပြေချောမွေ့အောင် အားပေးမြှင့်တင်နိုင်ရန်လိုလား

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၆) တွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၂

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၆)ကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဝင်များနှင့် စီမံခန့်ခွဲရေးကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

စတုတ္ထကာလတို (၅)နှစ်စီမံကိန်းတွင် GDP အပေါ် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးကို ပထမနှစ်ဖြစ်သည့် ၂၀၀၆–၂၀၀၇ ခုနှစ်၌ ၁၈ ဒသမ ၉ ရာခိုင်နှုန်း၊ ဒုတိယနှစ်မှစ၍ ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၉ ရာခိုင်နှုန်းအထိ အသီးသီး နှစ်စဉ် တိုးတက်အောင် ဆောင်ရွက်သွားမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၃-၇-၂၀၀၆
(တနင်္ဂနွေနေ့)

မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း

မူးယစ်ဆေးဝါးအန္တရာယ်သည် သုံးစွဲသူများသာမက နီးနွယ်ဆက်စပ်လျက်ရှိသည့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကိုပါ ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိရာ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတည်း၏ ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်နေသော ပြဿနာဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးများ လုံးဝချုပ်ငြိမ်းပပျောက်စေရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းကို ချမှတ်၍ မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်၊ နည်းနာနိဿယသုံးရပ်တို့ဖြင့် ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိသည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကို အလေးထားလုပ်ကိုင်လျက်ရှိသည်။

ဒေသခံပြည်သူများ မူးယစ်ဆေးဝါး စိုက်ပျိုး၊ ထုတ်လုပ်၊ သုံးစွဲမှု မပြုစေရေးအတွက် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး၊ ခံယူချက်နှင့်စိတ်ဓာတ်မြင့်မား ပြောင်းလဲလာရေး အစီအမံများ အပါအဝင် အသိပညာပေးခြင်းနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရင်း ၂၀၁၄ ခုနှစ်၌ ဘိန်းစိုက်ပျိုးမှု လုံးဝကင်းစင်ရေး ဦးတည်ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေဆက်စပ်လျက်ရှိသည့် အိမ်နီးချင်းငါးနိုင်ငံမှ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများနှင့် သဘောတူစာချုပ်ချုပ်ဆို၍ နှစ်နိုင်ငံတရားခံလဲလှယ်ရေး၊ သတင်းဖလှယ်ပူးပေါင်းရေး အပါအဝင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင်အမေရိကန်၊ ဩစတြေးလျ၊ ...

ထို့မှတပါး ...

ထိုမှ့မကရုရှားနိုင်ငံ၊ တောင်ပစိဖိတ်နိုင်ငံများနှင့်လည်း ဆက်စပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ဒေသခံပြည်သူတို့၏ ပူးပေါင်းကူညီမှုဖြင့် ဘိန်းချက်သည့်နေရာများ၊ ဘိန်းဖြူချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဘိန်းအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများစွာတို့ကို ရှာဖွေဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ဇူလိုင်လ ၁၆ ရက်နေ့က လဲချားမြို့၌ ကျင်းပခဲ့ရာ မီးရှို့ဖျက်ဆီးလိုက်သည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ဓာတုဗေဒပစ္စည်းများ၊ ဘိန်းအမျိုးမျိုး၊ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းမျိုးစေ့၊ ဘိန်းစေ့ခြောက်များ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၅၀ ခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံက မူးယစ်ဆေးဝါးပပျောက်ရေး၊ ဘိန်းစိုက်ပျိုးမှု လုံးဝကင်းစင်ရေးလုပ်ငန်းများ ဘက်စုံကြိုးပမ်း လုပ်ဆောင်လျက်ရှိသည့်နည်းတူ တစ်ကမ္ဘာလုံး၏ ပြဿနာဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာကို နိုင်ငံတိုင်း၊ ဒေသတိုင်းက ဝိုင်းဝန်းအဖြေရှာပြီး လုံးဝချုပ်ငြိမ်းစေရေးအတွက် အရှိန်အဟုန်မြှင့် ပူးပေါင်းတားဆီးနှိမ်နင်းသွားကြရမည် ဖြစ်ပါသည်။ ။

ဇူလိုင် ၁၆ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှကြီးမှူး၍ ရပ်ကွက်များတွင် ခြင်ကျားကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် တာမွေကြီး(ခ)ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်လေး ဦးဆောင်သော လူမှုရေးအဖွဲ့အစည်းများက ရေမြောင်းများ သန့်ရှင်းရေး လုပ်အားပေးကြစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓာတ်မြေသြဇာစက်ရုံများ အထွက်တိုးရေး လုပ်ငန်းညှိနှိုင်း ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၂

စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိမြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဓာတ်မြေသြဇာစက်ရုံများ၏ ဓာတ်မြေသြဇာအထွက်တိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၀ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဓာတ်မြေသြဇာစက်ရုံများ၏ ဓာတ်မြေသြဇာ အထွက်တိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

အစည်းအဝေးတွင်ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီက အမှာစကားပြောကြားရာ၌ ယခုဘဏ္ဍာရေးနှစ်အတွင်း ဓာတ်မြေသြဇာကို လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ စက်ရုံများစွမ်းအားပြည့် လည်ပတ်ရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တာဝန်ရှိသူများနှင့် စက်ရုံမှူးများက စက်လည်ပတ် ထုတ်လုပ်နေမှု၊ ပြုပြင်ဆောင်ရွက်မှုနှင့် ရည်မှန်းချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ဒုတိယဝန်ကြီး၊ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်နိုင်ရေး၊ စက်စွမ်းအားပြည့် လည်ပတ်ရေး၊ အလေအလွင့်ထိန်းသိမ်းရေးတို့အတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

မှာကြား

ဝန်ကြီးက စက်ရုံများကို အချိန်နှင့်တစ်ပြေးညီပြုပြင်ရေး လက်ရှိထုတ်လုပ်မှုကိုထပ်မံတိုးမြှင့်နိုင်ရေးတို့ကို မှာကြားပြီး သဘာဝဓာတ်ငွေ့ လုံလောက်စွာရရှိရေး၊ လျှပ်စစ်ဓာတ်အား ပြည့်မီစွာရရှိရေးတို့ကို စီမံဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်ဂျင်နီယာနည်းပညာ အစီအစဉ်များမိတ်ဆက်

ရန်ကုန် ဇူလိုင် ၂၂

အဆင့်မြင့်ပညာ ဒုတိယနှစ်သင်ယူပြီးသူများအတွက် အချိန်ပိုင်းလေ့လာသင်ယူရင်း နိုင်ငံတကာ အသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာလက်မှတ်ကို လက်တွေ့သင်ယူမှု နည်းလမ်းများဖြင့် နှစ်နှစ်အတွင်း ရယူပြီးနောက် တစ်နှစ်ထပ်မံဆက်လက်သင်ယူရုံဖြင့် အင်ဂျင်နီယာဘွဲ့ရယူနိုင်မည့် BTEC နှင့် HND ပညာရေး အစီအစဉ်များ မိတ်ဆက်ပွဲကို ဇွန် ၂၅ရက်တွင် မန္တလေး ဆွမ်းဟိုတယ်မင်္ဂလာခန်းမ၌ကျင်းပရာ Edexcel International UK မှ အာရှပစိဖိတ်နှင့် အာဆီယံဌာနတာဝန်ခံ Au Yong Kok Soon၊ စင်ကာပူနိုင်ငံ Tyndale Education Group မှ အမှုဆောင်အရာရှိချုပ် John Lee ၊ ချင်းတွင်းပညာရေး ဝန်ဆောင်မှုလုပ်ငန်းမှ ဦးကျော်နီခင်နှင့် ဆည်းဆာစိုးစံ လုပ်ငန်းစုမှ ဦးတင်လတ်တို့က ရှင်းလင်းပြောကြားပြီး တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်းသိရှိရသည်။

(အောက်ပုံ)

(သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဇေယျာသီရိလမ်းနေ ဦးတင်မောင်ဦး-ဒေါ်သီတာဆွေ၊ သား မောင်ပြည့်ဝန်းဦး၊ သမီး မသဲမွန်ဦး၊ မဖူးငုံသဲ မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဖခင်ကြီး ဦးကြင်ကုတ်၊ မိခင်ကြီး ဒေါ်ဖွားကြည်၊ ခင်ပွန်း ဦးမြင့်ဝေ၊ အစ်ကိုကြီး ဒေါက်တာ ဦးမွန်တစ်-ဒေါက်တာ ဒေါ်မြင့်စိန်တို့အား ရည်စူး၍သားသမီးမြေးတစ်စု သိမ်ကြီးဈေးဘီရုံက ငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဟုတ်ကြည်ထံပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၂

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၆)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာ ပရိယတ္တိပဋိပတ္တိ စာသင်တိုက်ကြီး၏ ဦးစီး နာယက ဘဒ္ဒန္တ တေဇနိယဉာဏ (သစ္စာ ရွှေဂူ)ဆရာတော်သည် အောင်ဓမ္မရိပ်သာ၌ ဝါတွင်းဝါပဥပုသ်နေ့တိုင်း ညနေ ၃နာရီမှ ၄နာရီခွဲအထိ၊ ဆူးလေစေတီတော် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံတွင် တနင်္ဂနွေနေ့တိုင်း တစ်လတစ်ကြိမ် ညနေ၅နာရီမှ ၆နာရီအထိ၊ ကျိုက္ကဆံ သာသနာ့ရက္ခိတ ဓမ္မဗိမာန်တွင် ဝါဆိုလကွယ်၊ဝါခေါင်လကွယ်၊တော်သလင်းလကွယ်နေ့များတွင် မွန်းလွဲ ၂နာရီမှ ညနေ၃နာရီခွဲအထိ၊သဃ်န်းကျွန်း(င/က) ရပ်ကွက်၊ မဟာအောင်မြေရွှေဂူတိုက်သစ်ဓမ္မာရုံတွင် ဝါဆိုလကွယ်၊ ဝါခေါင်လကွယ်၊ တော်သလင်းလကွယ် နေ့များတွင်ညနေ၄နာရီမှ၅နာရီခွဲအထိ၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊မိဂဒါဝုန် ဓမ္မာရုံတွင်သောကြာနေ့တိုင်း ည၈နာရီမှ၉နာရီခွဲအထိတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။(က-ပ)

အလှတွင် အယဉ်ဆင့်၍ ဝင့်ထည်လာသည့် မိုင်းလားမြေ

မြင့်စိုး (နတလ)

(၁)

နယ်စပ်ဒေသများ၏ ၁၉၈၉ခုနှစ် မတိုင်မီ ယခင်အခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်နေသည့် ယခုအခြေအနေအား ရိုက်ကူးထားသည့် ဓာတ်ပုံများကို နှိုင်းယှဉ်ကြည့်မိလေတိုင်း ဝမ်းသာပီတိဖြစ်ရသည်။ မုဒိတာပွားရသည်။ တကယ်တော့ ၁၉၈၉-၉၀ ခုနှစ်များတွင် ရိုက်ကူးဖြစ်ခဲ့ကြသော မှတ်တမ်းဓာတ်ပုံများသည် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏သမိုင်းအစပင်မဟုတ်ပါလား။ လွန်ခဲ့သော ငါးနှစ်ခန့်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းဖြစ်သည့် ဦးသန်းအောင် (ဓာတ်ပုံ-သန်းအောင်ပြန်/ဆက်)ထံမှ ဓာတ်ပုံဟောင်းအချို့ ရခဲ့ဖူးသည်။ ဆရာတို့ဌာနအတွက် အသုံးတည့်ချင် တည့်ပါလိမ့်မည်ဟုလည်း ပြောသေး၏။ သူပေး ခဲ့သော ဓာတ်ပုံများသည် အမှန်တကယ်ပင်ဟောင်း၍ ကောင်းနေသော တန်ဖိုးရှိသောဓာတ်ပုံများ ဖြစ်လာခဲ့သည်။

၁၉၉၀ပြည့်နှစ်အတွင်း UNDP အဖွဲ့များနှင့် အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နမ့်တစ်ဒေသ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းလားဒေသနှင့် ဆီလူးဒေသများသို့အသွား လိုက်ပါ မှတ်တမ်းတင်ထားသော ပုံများဖြစ်သည်။ ထိုစဉ်က နမ့်တစ်သည် ရွာငယ်ကလေး တစ်ရွာမျှသာ။ ရွာအဝင်လမ်းတွင် ရွံ့ညွန်ထူပြောနေသော ဗွက်အိုင်ထဲ၌ ကားတစ်စီး ဗွက်နစ်နေ၍ ဝိုင်းတွန်းနေရပုံ၊ အိမ်ခြေ ဆယ့်လေးငါးအိမ်လောက်နှင့် တွေ့ရသော နမ့်တစ်ရွာကလေးပုံတို့ကို သူရိုက်ခဲ့သည်။ မိုင်းလားခရီးစဉ်မှာလဲ ထိုကဲ့သို့ပင် ရွာအဝင် ချောင်းကလေးပေါ်ရှိ ဝါးတံတားလေးမှ အထူးဒေသ(၄)တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့် ဧည့်သည်များ ဖြတ်ကူးနေပုံ၊ ဆီလူးသို့အသွား ကျေးရွာလူထုက ဝမ်းပန်းတသာ ကြိုနေကြပုံစသည်ဖြင့် မှတ်တမ်းတင် ရိုက်ကူးထားသည်။ အချိန်ကာလအားဖြင့်ဆိုလျှင် ၁၆နှစ်တိုင်ခဲ့ပြီ။ ယင်း ၁၆နှစ်အတွင်း နမ့်တစ် ရွာကလေးသည်လည်းကောင်း၊ မိုင်းလားရွာကလေးသည်လည်းကောင်း မြို့အဖြစ်သို့ ပြောင်းလဲခဲ့ပြီ။ ဖွံ့ဖြိုးဝေစည်ခဲ့ပြီ။ ထိုစဉ်က ဗွက်နစ်နေသော နမ့်တစ်ရွာအဝင် လမ်းကလေးသည်ပင် မြို့အဝင်ကတ္တရာလမ်းအဖြစ် ပြောင်းလဲခဲ့ပြီ။ ယခင်မိုင်းလားကျေးရွာနှင့် ချောင်းကူး ဝါးတံတားလေးမြင်ကွင်းနေရာ၌ ရွှေပြည်တံတားနှင့် မိုင်းလားမြို့တို့က ခံ့ခံ့ထည်ထည် ဝင်ရောက်နေရာ ယူခဲ့ပြီတည်း။

(၂)

သံလွင်ဦးမှာ ဖူးတဲ့ပန်း

*** မြစ်သံလွင် ကမ်းနဖူးမှာတဲ့**
ပန်းဦးတဝေဝေပေါ့
နောင်ညီဆွေ အမြင်သစ်တွေနဲ့
ကြင်ချစ်စွာ ညီညွတ်ပန်းရယ်ကြောင့်
ရှမ်းမြေမြင့် အလှစုံ
နတ်ဘုံတမျှ ထင်မိမှား။
*** လှမ်းခဲ့ပါဆွေ**
ပန်းနွဲ့ညှာ အတူခွေလို့

သံလွင်ရေ အတူသောက်စို့ရဲ့
တစ်ယောက်လက် တစ်ယောက်ထွေး
မပျောက်ပျက် အချစ်သွေးတွေနဲ့
ချစ်တေးဆို ညီညာလှမ်းကြမယ်
ပန်းချစ်သူများ။

၁၉၉၇ခုနှစ်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်အရ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ဆပ်ကော်မတီ၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသသို့ ပြန်ကြားရေးအဖွဲ့များ သွားရောက်ခဲ့ကြသည်။ ထိုခရီးစဉ်အတွင်း ရိုက်ကူးခဲ့သော မှတ်တမ်းတိပ်ခွေများကို အသုံးပြု၍ မြန်မာ့ရုပ်မြင်သံကြား၌ **"သံလွင်ဦးမှာ ဖူးတဲ့ပန်း"** အမည်ဖြင့် အစီအစဉ်တစ်ခုတည်းဖြတ်ထုတ်လွှင့်ခဲ့သည်။ ထိုအစီအစဉ်ထဲတွင် ထည့်သွင်းအသုံးပြုရန် ဆရာ မြင်းမူမောင်နိုင်မိုးထံမှ အထက်ပါ ကဗျာလေးကို လက်ဆောင်ရခဲ့၏။

၁၉၉၇ခုနှစ်၌ မိုင်းလားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် အမြင့်မားဆုံးအချိန်သို့ ရောက်ရှိနေပေပြီ။ ဒွေနာဂရရွှေစေတီ၊ ငြိမ်းချမ်းအေးစေတီ၊ နဂါးဖြူစေတီ၊ လျောင်းတော်မူဘုရား၊ ဗုဒ္ဓဝင်ပြခန်းတို့ဖြင့် သာသနာရောင်ဝါ နေသို့လင်းခဲ့သည်။ မိုင်းလားအလက (ယခု အထက)၊ ပြည်သူ့ဆေးရုံ ယခု(ခုတင်-၅၀)၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ ဝမ်တုံဆည်၊ ကြယ်လင်းရောင် သတင်းစာတိုက်များက မြို့ကျက်သရေဆောင် ဖြစ်ခဲ့သည်။ ကျောက်မျက်ပြခန်း၊ မိုင်းလားမြို့မ ဈေးသစ်ကြီးတို့မှာ တည်ဆောက်နေဆဲ၊ ဟိုတယ်၊ မိုတယ်လုပ်ငန်းများက စတင်အရှိန်ယူနေပြီ ဖြစ်သည်။ မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ကြီးကလည်း မိုင်းလားမြို့အတွက်သာမက ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄) နယ်မြေတစ်ခုလုံးအတွက်ပါ ဂုဏ်ယူစရာဖြစ်ခဲ့သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) နယ်မြေတစ်ခုလုံး ဘိန်းပပျောက်သည့် နယ်မြေ (Opium Free Zone) အဖြစ် ၁၉၉၇ခုနှစ် ဧပြီလ၌ ကမ္ဘာသိကြေညာနိုင်ခဲ့၏။ ငြိမ်းချမ်းရေး ရယူပြီး ချိန်မှစ၍ ခြောက်နှစ်စီမံကိန်းချမှတ်ကာ ဘိန်းအစား ထိုးသီးနှံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အရှိန် အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ယင်းအရှိန် အဟုန်သည် ယနေ့အထိ အားကောင်းဆဲပင်။ ဆီလူး ဒေသ၊ မိုင်းမဒေသများ၌ ဘိန်းအစားထိုး နှစ်ရှည်သီးနှံ လိုက်ချီး၊ နှင်းသီး၊ လိမ္မော်စိုက်ခင်းကြီးများ၊ လက်ဖက်စိုက်ခင်းကြီးများ တစ်ရှူးငှက်ပျော စိုက်ခင်းကြီးများ၊ သရက် စိုက်ခင်းကြီးများကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးလျက် ပြည်ပပို့ကုန်အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့တွင် ပထမဦးဆုံး ဖွင့်လှစ်ခဲ့သော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းကို ဤသို့တွေ့ရသည်။

(၃)

ယနေ့အချိန်အခါ၌ မိုင်းလားအပါအဝင် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မှာ လွန်စွာမြန်ဆန်လျက် ရှိပေသည်။ ထိုအခြေခံကောင်းများကို မည်သို့ထိန်းသိမ်းမည်နည်း။ မည်သူတို့က ဆက်လက်ပုံဖော်ကြမည်နည်း။ နယ်စပ်ဒေသများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ကြိုးပမ်းထမ်းဆောင်ကြမည့်သူများမှာ ထိုဒေသများရှိ တိုင်းရင်းသားလူငယ်များပင် ဖြစ်သည်။ နိုင်ငံတော် အစိုးရသည် နယ်စပ်ဒေသများ၌ လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းနေစေရန် ရည်သန်၍ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ၃၄ကျောင်း၊ ရန်ကုန်နှင့်မန္တလေးမြို့များ၌ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုတို့ကို ဖွင့်လှစ်သင်ကြား ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများသည် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များတွင် အဆင့်မြင့်ပညာများ ဆက်လက်သင်ယူခွင့် ရကြမည်ဖြစ်သည်။ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများ အနေဖြင့်လည်း နယ်စပ်ဒေသနေ တိုင်းရင်းသူကလေးများ၏ ဘဝလုံခြုံစိတ်ချစွာ ရပ်တည်ရေး၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် လေ့ကျင့် ပျိုးထောင်ပေးလျက်ရှိသည်။ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှ သင်တန်းဆင်း လူငယ်များအား ဝန်ကြီးဌာန အသီးသီးတွင် ခွဲဝေတာဝန်ပေးအပ်ကာ မိမိတို့ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း တာဝန်များကိုပါ ပါဝင်ထမ်းရွက်နေကြပြီ ဖြစ်သည်။ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) နှင့်(မန္တလေး)တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာဒီပလိုမာ ရရှိသူ သင်တန်းဆင်းကျောင်းသားများကို နှစ်စဉ်မွေးထုတ်လျက်ရှိရာ ၎င်းတို့အထဲမှ B.Tech သင်တန်းတက်ရောက်ရန် အဆင့်မီသူများ၊ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ အရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူများအား အဆင့်မြင့်ပညာများ ဆက်လက်သင်ယူခွင့်ရရှိရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဆက်လက်စီစဉ် ဆောင်ရွက်ပေးခဲ့သည်။ သို့ဖြစ်ပေရာ မကြာမီကာလတွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များအနေဖြင့် မဟာဘွဲ့၊ ပါရဂူဘွဲ့များ ရရှိနိုင်မည့် အလားအလာ အခွင့်အလမ်းကောင်းများကို တွေ့မြင်နေရပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားမြို့၌ ၂၀၀၆ခုနှစ် ဇူလိုင်လ ၉ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ မိုင်းလားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းသင်တန်းကျောင်းသည် နယ်စပ်ဒေသများထဲတွင် ပထမဦးဆုံးစတင်ဖွင့်လှစ်ခဲ့သောကျောင်းလည်း ဖြစ်ပေသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းဝင်း၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဒေသ(၄)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများ၊ နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဤသို့ကျင်းပခဲ့သည်။

၎င်းသင်တန်းကျောင်းတွင် သင်တန်းအမျိုးအစားသုံးမျိုး ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အခြေခံ အဆောက်အအုံသင်တန်း၊ လျှပ်စစ်နှင့် ဂဟေသင်တန်း၊ စက်ပြင်သင်တန်းတို့ ပါဝင်သည်။ ယခု ဖွင့်လှစ်သော သင်တန်းများ၌ သင်တန်းသား ၃၈ဦး တက်ရောက် သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်ရောက်သည့် ကုန်ကျစရိတ်မှာလည်း အခမဲ့ဖြစ်၍ နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအပေါ် ထားရှိသောစေတနာ၊ အနာဂတ်နယ်စပ်ဒေသများအပေါ် ထားရှိသော မျှော်မှန်းချက်တို့ကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်ရပေမည်။

မိုင်းလားဒေသသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် လင်းလက်တောက်ပခဲ့သော ငြိမ်းချမ်းရေးရှေ့ဆောင်ကြယ်တစ်ပွင့် ဖြစ်တည်ခဲ့သည့် ဘူမိနက်သန်မြေ၊ နယ်စပ်ဒေသများထဲတွင် ပထမဦးဆုံး ဘိန်းပပျောက်သည့် ဒေသ(Opium Free Zone) အဖြစ် ကမ္ဘာသိကြေညာခဲ့သော နေရာဖြစ်ခဲ့သည်။ ငြိမ်းချမ်းရေး၏ အသီးအပွင့်၊ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်များကို အရှိန်အဟုန် ပြင်းပြင်းဖြင့် ဆောင်ကြဉ်းနိုင်ခဲ့သော နေရာလည်းဖြစ်ခဲ့သည်။ ထိုသို့သော နေရာမျိုးတွင် ပထမဦးဆုံးသော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းဖွင့်လှစ်နိုင်ခြင်းသည် မိုင်းလားဒေသကို အလှတွင် အယဉ်ဆင့်ပါလို့ ဂုဏ်ဝင့်စေခဲ့ပြီ မဟုတ်ပါလား။ ။

နိုင်ငံရေးတင်းမာမှုများဖြစ်ပေါ်စေရန် အမေရိကန်ဖန်တီးမှုကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်ရဟု ချာဗက်ဇ် ဝေဖန်ပြောကြား

ကာရာကာ့စ်(ဗင်နီဇွဲလား) ဇူလိုင် ၂၁

ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်စေသော အကြောင်းတရားတစ်ရပ်မှာ အမေရိကန်အစိုးရက နိုင်ငံရေးဆိုင်ရာ တင်းမာမှုများ ပေါ်ပေါက်အောင် ဖန်တီးနေခြင်းကြောင့်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အင်္ဂါ နေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံ မြို့တော် ကာရာကာ့စ်တွင် မြေအောက်ရထားလိုင်းသစ် ဖွင့်လှစ်သည့် အခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတချာဗက်ဇ်က အထက်ပါအတိုင်း ဝေဖန်ခြင်းဖြစ်သည်။

မြင့်တက်

ကမ္ဘာ့ရေနံဈေးနှုန်း နောက်ထပ် မြင့်တက်မှုရှိမည်မဟုတ်ဟု မိမိ မျှော်လင့်ကြောင်း၊ ရေနံဈေးနှုန်း ခေါင်ခိုက်လာရခြင်း၏ အကြောင်းတရားတစ်ရပ်မှာ နိုင်ငံရေး တင်းမာမှုများဖြစ်ပေါ်စေရန် အမေရိကန် မီးထိုးပေးနေခြင်းကြောင့် ဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။

ကမ္ဘာ့ရေနံဈေးနှုန်း ဆက်လက်မြင့်တက်နေစေရန် မိမိတို့လုပ်ဆောင်ခြင်းမရှိကြောင်း၊ သို့ရာတွင် အမေရိကန်နိုင်ငံ၏ နယ်ချဲ့ဝါဒ၊ မူဝါဒများနှင့် အခြားသော အကြောင်းတရားများသည် ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်မှုကို ဖြစ်ပေါ်စေကြောင်း ချာဗက်ဇ်က ပြောကြားသည်။

ကမ္ဘာ့ရေနံဈေးနှုန်းသည် ယခုအခါ တစ်စည်လျှင် ဒေါ်လာ ၇၀ အထိ ဈေးပေါက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီနိုင်ငံ ပို့စ်ဒမ်းမြို့တွင် ဒုတိယကမ္ဘာစစ်အတွင်းက ကျန်ရှိခဲ့သည့် မပေါက်ကွဲသေးသော ပေါင် ၅၅၀ ဗုံးဟောင်းကြီးတစ်လုံးကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မီလန်မြို့တွင် ကြယ်ခုနစ်ပွင့်အဆင့်ရှိ ဟိုတယ် ဖွင့်လှစ်မည်

မီလန် ဇူလိုင် ၂၁

ဥရောပ၏ ပထမဆုံးသော ကြယ်ခုနစ်ပွင့်အဆင့် ဟိုတယ်ကို အီတလီနိုင်ငံ မီလန်မြို့တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ မြို့ရွာအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ဆောင်သူများနှင့် ဗိသုကာ ဒီဇိုင်းရေးဆွဲသူများသည် အီတလီနိုင်ငံ၏ မွန်းမာစေ ဇိမ်ခံ ဟိုတယ်ဈေးကွက်တွင် အပြိုင်အဆိုင် လုပ်ကိုင်လျက်ရှိကြကြောင်း ကြာသပတေးနေ့ ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

တောင်းဟောက်စ် ဂယ်လာရီးယားအမည်ရှိ ကြယ်ခုနစ်ပွင့်အဆင့် ဟိုတယ်သည် မီလန်မြို့ရှိ လာစကာလာ ပြဇာတ်ရုံနှင့် ကက်သီဒရယ်ဘုရားရှိခိုးကျောင်း အနီးတွင် တည်ရှိပြီး ပေါင်းမိုးစကြံရှိသော ဈေးဆိုင်တန်းများဖြင့် စည်ကားရာ နေရာတွင် တည်ရှိသည်။

အဆိုပါ ဟိုတယ်ကို မီလန်မြို့နှင့် တူရင်မြို့တို့တွင် ဟိုတယ်အသေးစားများ ဖွင့်လှစ်ထားသော တောင်းဟောက်စ်အုပ်စုက ပိုင်ဆိုင်သည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်နိုင်ငံ မေရွန်မီးတောင် ပြင်းထန်စွာလှုပ်ရှားလာ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထွက်ခွာလာသော မိသားစုတစ်စုကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရန်၌ နိုင်ငံတကာ စက်မှုပြပွဲ ကျင်းပမည်

တီဟီရန် ဇူလိုင် ၂၁

အီရန်နိုင်ငံ တီဟီရန်မြို့၌ နှစ်ပတ်လည် နိုင်ငံတကာ စက်မှုလုပ်ငန်းပြပွဲကို စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း တီဟီရန် တိုင်းမ်စ် သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

၂၀၀ ကျော်

ဆဋ္ဌမအကြိမ် နိုင်ငံတကာ စက်မှုလုပ်ငန်းပြပွဲတွင် ပါဝင်ရန် ပြည်တွင်းကုမ္ပဏီ ၂၀၀ကျော်က စာရင်းပေးထားပြီးဖြစ်ကြောင်း အီရန် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဥက္ကဋ္ဌ အဗ္ဗဒူလ်ဟာမစ်ဂျာဖာဒီ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာက ဖော်ပြသည်။ အဆိုပါပြပွဲသို့ ပြည်တွင်းကုမ္ပဏီ ၄၀၀ နီးပါး ပါဝင်မည်ဟု ၎င်းက ခန့်မှန်းထားသည်။

ကူညီပေးနိုင်

ယင်းစက်မှုလုပ်ငန်း ပြပွဲမျိုးမှ တစ်ဆင့် အီရန်နိုင်ငံ၏ စက်မှုလုပ်ငန်းစွမ်းဆောင်ရည်ကို ပြသနိုင်မည်ဖြစ်ပြီး ပြည်ပကုမ္ပဏီများအား ပိုမိုဆွဲဆောင်နိုင်ရန် ကူညီပေးနိုင်မည်ဖြစ်ကြောင်း ဂျာဖာဒီက ပြောကြားသည်။

ပါဝင်

ယမန်နှစ်က ကျင်းပသည့် ပဉ္စမအကြိမ် နိုင်ငံတကာ စက်မှုလုပ်ငန်းပြပွဲတွင် ပြည်ပကုမ္ပဏီ ၄၀၀ နှင့် ပြည်တွင်း ကုမ္ပဏီ ၃၅၀ တို့ ပါဝင်ခဲ့ကြသည်။

ပြသ

ယင်းပြပွဲတွင် စက်ယန္တရားများ၊ စက်ကိရိယာအပိုပစ္စည်းများနှင့် အလိုအလျောက်လည်ပတ်သည့် စက်ကိရိယာများကို ပြသထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လူကုန်ကူးခံရသူ ပိုလန်လူမျိုး ၁၁၃ဦး အီတလီရဲတပ်ဖွဲ့ကယ်တင်

ရောမ ဇူလိုင် ၂၁

ကျေးကျွန်များသဖွယ် အလုပ်စေခိုင်းခံရပြီး ညှဉ်းပန်းနှိပ်စက်ခံရသော ပိုလန်လူမျိုး ၁၁၃ ဦးကို အီတလီရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ကယ်တင်ပေးနိုင်ခဲ့ကြောင်း ကြာသပတေးနေ့ ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

အီတလီတောင်ပိုင်း ပူဂလီယာဒေသတွင် ကျေးကျွန်များသဖွယ် စေခိုင်းသည့် စခန်းများရှိ ပိုလန်လူမျိုး အလုပ်သမားများကို ရဲတပ်ဖွဲ့က ကယ်တင်ပေးနိုင်ခဲ့ကြောင်း၊ အဆိုပါ စခန်းများရှိ အလုပ်သမား လေးဦးထက်မနည်းသည် မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ပုံရပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကျေးကျွန်သဖွယ် စေခိုင်းခံရသူများသည် အလုပ်လုပ်ကိုင်ရန် ငြင်းဆန်သည့်အခါ အဓမ္မပြုကျင့်ခံရခြင်း၊ သတ္တုဖြင့်ပြုလုပ်ထားသော တုတ်တံများဖြင့် ရိုက်နှက်ခံရခြင်း၊ ခွေးဖြင့် ရှူးတိုက်ခံရခြင်းတို့ရှိကြောင်း အီတလီရဲတပ်ဖွဲ့က ပြောကြားသည်။

အီတလီနှင့် ပိုလန်ရဲတပ်ဖွဲ့ဝင်များသည် ပူးတွဲစစ်ဆင်ရေးလုပ်ငန်း တစ်ရပ်ပြုလုပ်ကာ ပိုလန်လူမျိုးများအား မတရားစေခိုင်းသည့် လူမှောင်ခို ၂၀ ကို ဖမ်းဆီးခဲ့ကြောင်း၊ ယင်းဒုစရိုက်လုပ်ငန်းတွင် ပါဝင်သူ နောက်ထပ်လူ ခုနစ်ဦးကိုလည်း ဖမ်းဆီးရမိနိုင်ရန် ရှာဖွေလျက်ရှိကြောင်း အီတလီရဲတပ်ဖွဲ့က ပြောကြားသည်။

အဖမ်းခံရသူများမှာ ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်း၏ အဖွဲ့ဝင်များအဖြစ် စွဲချက်တင်ခံရသည်။ အဆိုပါ ဂိုဏ်းသည် အီတလီနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး အလုပ်သမားများအဖြစ် ကောင်းမွန်စွာ အလုပ်လုပ်ကိုင်ခွင့်ရရှိမည်ဟူ၍ ဖော်ပြကာ သတင်းစာကြော်ငြာများဖြင့် ပိုလန်လူမျိုးများကို စည်းရုံးသိမ်းသွင်းခဲ့ကြောင်း အီတလီ ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ၊***

နိုင်ငံတကာ သတင်းများ

ဇူလိုင် ၂၀ရက်က ကိုလံဘီယာနိုင်ငံ ကာတာဂျီးနားမြို့၌ ကျင်းပသော အမေရိကအလယ်ပိုင်းနှင့် ကာရစ်ဘီယံနိုင်ငံများ၏ အားကစားပြိုင်ပွဲတွင် ပွာတိုရီကိုမှ အားကစားမယ်တစ်ဦး ဒိုင်ဗင်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်စဉ်။*(ဓာတ်ပုံ-အင်တာနက်)*

ဂျပန်၌ မိုးသည်းထန်စွာရွာသွန်း၊ ၁၀ဦးထက်မနည်း သေဆုံး

တိုကျို ဇူလိုင် ၂၁

ဂျပန်နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုနှင့် ရေလွှမ်းမိုးမှုများဖြစ်ပွားကြောင်း၊ ဇူလိုင် ၁၉ ရက်က သေဆုံးသူ ၁၀ ဦးထက်မနည်းရှိပြီး ပျောက်ဆုံးသူ ၁၃ ဦးရှိကြောင်း သတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်က မိုးရေချိန် ၂၄လက်မကျော် ရွာသွန်းခဲ့ကြောင်း၊ ရထားနှင့် ကားလမ်းတို့တွင်လည်း သွားလာမှုများ နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း၊ မြေပြိုမှုနှင့် ရေလွှမ်းမိုးမှုတို့လည်း ပိုမို ဖြစ်ပွားလာဖွယ်ရှိသည်ဟု မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံအလယ်ပိုင်း နာဂါနိုပြည်နယ် အိုကာယာဒေသတွင် မြေပြိုကျမှုကြောင့် အိမ်များ ပျက်စီးရာ လူလေးဦးထက်မနည်း သေဆုံးပြီး ပျောက်ဆုံးသူ လေးဦးရှိကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

အိုကာယာဒေသတွင် မြေပြိုမှုကြောင့် အိမ်ပြိုသွားပြီး အသက် ၈၀ အရွယ် အမျိုးသမီးတစ်ဦး သေဆုံးနေသည်ကို တွေ့ရှိရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူက ပြောကြားသည်။

အိမ်များပြိုကျခြင်းနှင့် မြစ်ရေလျှံတက်မှုကြောင့် ပျောက်ဆုံးသွားသူများကို ကယ်ဆယ်ရေးလုပ်သားရာပေါင်းများစွာနှင့် ဂျပန်တပ်ဖွဲ့ဝင် ၂၀၀ ခန့် ပူးပေါင်း၍ ရှာဖွေကြသည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် ဂျီ-၈ စက်မှုနိုင်ငံများ အစည်းအဝေးတွင် အိန္ဒိယဝန်ကြီးချုပ် မာမိုဟန်ဆင်းအား အခြားနိုင်ငံခေါင်းဆောင်များနှင့်အတူ ဇူလိုင် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျီ-၈ ခေါင်းဆောင်များ စိန့်ပီတာစဘတ်မြို့၌ ဆွေးနွေး အကြမ်းဖက်မှုများနှိမ်နင်းရေး တညီတညွတ်တည်း သဘောတူ

စိန့်ပီတာစဘတ် ဇူလိုင် ၂၁

ဂျီ-၈ ခေါင်းဆောင်များ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်တွေ့ဆုံဆွေးနွေး ခဲ့ကြသည့်အနက် အကြမ်းဖက်မှုများကို နှိမ်နင်းရေးကိစ္စ၌ ခေါင်းဆောင်များ အားလုံး တညီတညွတ်တည်း သဘောတူညီခဲ့ကြသည်။ ယင်းအစည်းအဝေး ဆုံးဖြတ်ချက်များအနက် အိန္ဒိယနိုင်ငံ အတွက် အရေးအကြီးဆုံးသောကိစ္စမှာ အဆိုပါ အကြမ်းဖက်မှု နှိမ်နင်းရေး ကိစ္စပင်ဖြစ်သည်ဟု မိမိရှုမြင်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မာမိုဟန်ဆင်းက ရုရှားသတင်းဌာန အင်တာဖက်စ်နှင့် တွေ့ဆုံမေးမြန်းရာ၌ဖြေကြားသွားသည်။

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် စက်မှုနိုင်ငံများအဖွဲ့ ဂျီ-၈ ၏ အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ယခုဇူလိုင်လ ၁၁ ရက်မှာပင် မွမ်ဘိုင်းနှင့် ဆရင်နဂါးတို့တွင် အကြမ်းဖက်သူများ၏ ပစ်မှတ်ထားကာတိုက်ခိုက်ခြင်းကိုလတ်တလော ခံခဲ့ရပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် စွမ်းအင်ကို စိတ်ချလက်ချ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ရာ၌ မည်သည့်အနေအထား ဖြင့် ပါဝင်ရန် အသင့်ရှိပါသနည်းဟု အင်တာဖက်စ်သတင်းဌာနက မေးမြန်းခဲ့သည်။ ထိုကိစ္စ ဖြေကြားရာတွင် စွမ်းအင်ထုတ်လုပ်သူနှင့် သုံးစွဲသူများ အကြားမျှတသောအကျိုးကိုဖော်ဆောင်နိုင်မည့် နည်းလမ်းတစ်ရပ် ပေါ်ထွက်လာမည်ဟု မျှော်လင့်သည်။ စွမ်းအင်ဈေးကွက်ကို တည်ငြိမ်သောဈေးကွက်၊ အနာဂတ်တွင် မည်သို့ဖြစ်ပေါ်လာမည်ကို ခန့်မှန်းနိုင်သော မြင်သာသည့် ဈေးကွက်မျိုးဖြစ်လာရန် လိုလားသည်ဟုဝန်ကြီးချုပ်ဆင်းက ပြောကြားသည်။

အိန္ဒိယနှင့်ရုရှားနှစ်နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကိစ္စများနှင့် ပတ်သက်၍လည်း ဝန်ကြီးချုပ် ဆင်းက ၎င်း၏အမြင်ကိုပြောကြားသွားသည်။ ထိုကိစ္စများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံတို့၏ ဆက်ဆံရေးသည် ဖြစ်သင့်သည့်အခြေအနေသို့ မရောက်ရှိသေးကြောင်း၊ အလေးပေး၍ မြှင့်တင်သွားရန်လိုအပ်ကြောင်း ဖြေကြားသွားသည်။

နှစ်နိုင်ငံ၏ စီးပွားရေးအခြေအနေကို ကြည့်မည်ဆိုပါက နှစ်နိုင်ငံစလုံး အရှိန်ကောင်းကောင်းနှင့် တိုးတက်နေသည်ကို တွေ့နိုင်သည်ဟု ၎င်းက ဆိုသည်။ ရုရှား အိန္ဒိယကုန်သွယ်ရေး ပမာဏကို ၂၀၁၀ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရောက်လာမည်ဟုမျှော်မှန်းထားသော်လည်းလက်ရှိအခြေအနေတွင်ရှိနေသော ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သုံးဘီလီယံဝန်းကျင်သာရှိသဖြင့် တိုးချဲ့စရာ များစွာလိုသေးကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ပီတီအိုင်။

အင်ဒိုနီးရှားတွင် ကြက်ငှက်ရောဂါကြောင့် သေဆုံးသူ ၄၂ ဦးရှိ

ဂျကာတာ ဇူလိုင် ၂၁

အင်ဒိုနီးရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၄၂ဦး ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က အတည်ပြု ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ကြက်ငှက်ရောဂါပိုး‌ရပ်စ်ဆိုးရွားစွာကျရောက်ပြီးနောက်အင်ဒိုနီးရှားနိုင်ငံ၌ ထိုရောဂါဖြစ်ပွားလာရခြင်းဖြစ်သည်ဟုအင်ဒိုနီးရှားကျန်းမာရေးဌာနတာဝန်ရှိသူက ကြာသပတေးနေ့တွင် ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါဟုမသင်္ကာဖွယ်နမူနာများကို ရယူပြီး ပြည်ပတွင် စမ်းသပ်ရန်ပေးပို့ခဲ့ရာ ၎င်းတို့သည် ကြက်ငှက်ရောဂါ လက္ခဏာရှိကြောင်း ဟောင်ကောင်ရှိ ဓာတ်ခွဲခန်းမှ အဖြေကို လက်ခံရရှိခဲ့သည်ဟု ကျန်းမာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဟာရီ အာဒီဝီဘီဆိုနိုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဂျကာတာမြို့ အရှေ့ဘက်ဆေးရုံတွင် အသက် ၄၄ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးသည် ယခင် ရက်သတ္တပတ်က H5N1ပိုးရပ်စ်ဖြင့် သေဆုံးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယာ ပြည်နယ်တွင် ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားပြီးနောက် နိုင်ငံမြောက်ပိုင်းဆူမတြားပြည်နယ်၌ လွန်ခဲ့သည့် နှစ်လကကမ္ဘာတွင် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားမှု အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ခဲ့ရသည်။

၂၀၀၃ ခုနှစ် နောက်ပိုင်း၌ ကမ္ဘာတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံး သူ ၁၃၂ ဦးထက် မနည်း ရှိခဲ့သည်ဟု ဒဗလျူအိပ်ချ်အိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ခြင်္သေ့၊ ငှက်ကုလားအုတ်နှင့် တောခွေးများအား အမဲလိုက်မှု တန်ဇန်းနီးယားတွင် ပိတ်ပင်

ဒါရက်ဆလမ် ဇူလိုင် ၂၁

တန်ဇန်းနီးယားနိုင်ငံသို့ အမဲလိုက်ရန် ရောက်ရှိလာသော ကမ္ဘာလှည့်ဧည့်များအား ခြင်္သေ့၊ ငှက်ကုလားအုတ်နှင့် တောခွေးများကို အမဲလိုက်ခြင်းမှ တားမြစ်လိုက်ကြောင်း သတင်းများက ဖော်ပြသည်။

အမဲလိုက်ခွင့်တားမြစ်သော ကြေညာချက်ကို တန်ဇန်းနီးယားနိုင်ငံ သဘာဝ အရင်းအမြစ်နှင့် ကမ္ဘာ့လှည့်ခရီးသွား လုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ခြင်းဖြစ်သည်။ အမဲလိုက်လုပ်ငန်းကို ဇူလိုင် ၁၇ ရက်မှစ၍ တားမြစ်လိုက်ခြင်းဖြစ်သည်။

ထိုနိုင်ငံအတွက် နှစ်စဉ် အမဲလိုက်သောရာသီမှာ ဇူလိုင် ၁ရက်တွင် စတင်ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် အဆုံးသတ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်-အက်ဖ်အေအို ပူးပေါင်းအစည်းအဝေး ကျင်းပပြီးစီး

မဒရစ် ဇူလိုင် ၂၁

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)နှင့် ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေး စီမံချက်အတွက်ပူးပေါင်း၍ ရန်ပုံငွေတစ်ရပ်ထူထောင်ရန် စပိန်အစိုးရက ဗုဒ္ဓဟူးနေ့တွင် သဘောတူလက်မှတ် ရေးထိုးခဲ့သည်။ ငတ်မွတ်မှုပပျောက်ရေး ရန်ပုံငွေမှာ ငွေကြေးအားဖြင့် စုစုပေါင်း ယူရိုငွေ ၂၅ သန်း (အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၂၅ သန်း) ဖြစ်သည်။

စပိန် - အက်ဖ်အေအို ပူးပေါင်းကော်မရှင်၏ အစည်းအဝေး အဆုံးသတ် စည်းဝေးပွဲအပြီးတွင် ကာရစ်ဘီယံနှင့် စပိန်-လက်တင်အမေရိကရှိ အက်ဖ်အေအိုသို့ ယူရိုငွေ ရှစ်သန်း (အမေရိကန် ဒေါ်လာ ၁၀ သန်း) ပေးရန် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သည်။

ပူးတွဲလုပ်ငန်းအသစ်များနှင့် မာရီတာနီယာနှင့် မာလီနိုင်ငံတို့တွင် စားနပ်ရိက္ခာ ဖူလုံရေးလုပ်ငန်း၊ အာဖရိကရှိ ဘူကီနာဖာဆို၊ ဂိုင်ယာနာ၊ ဆီနီဂေါ်နှင့် မာလီနိုင်ငံတို့တွင် ရေလုပ်ငန်းဆိုင်ရာ စီမံချက်များ၊ မြေထဲပင်လယ် ငါးဖမ်းလုပ်ငန်းစီမံချက်နှင့် အီဂျစ်နိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးစီမံချက်တို့ကို ဆောင်ရွက် ရန်အတွက် ယူရိုငွေ ကိုးသန်း (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၅ သန်း) ပေးရန်လည်း ပူးတွဲကော်မရှင်က ကတိပြုခဲ့ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။



တန်ဇန်းနီးယားမှ ခြင်္သေ့တစ်ကောင်အား ကမ္ဘာလှည့် အမဲလိုက်အဖွဲ့နှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့ မိုဘိုင်းလ်ဖုန်းသရုပ်ပြပွဲတွင် ရုပ်သံကြည့်နိုင်သော ဖုန်းတစ်လုံးအား ပြသနေသည်ကို ဇူလိုင် ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကုလအဖွဲ့နှင့် အစ္စရေး၊ လက်ဘနွန်ခေါင်းဆောင်များ ဆွေးနွေး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရန်မလွယ်ကြောင်း ပြောကြား

ကုလသမဂ္ဂ ဇူလိုင် ၂၂

အစ္စရေးနိုင်ငံသည် ပြန်ပေးဆွဲခံထားရသော ၎င်း၏ စစ်သားများ ပြန်လည်လွတ်မြောက်ရေးအတွက် တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိသည့် ကြားလူများမှ တစ်ဆင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားအုပ်စုနှင့် စေ့စပ်ဆွေးနွေးနိုင်မည်မဟုတ်ကြောင်း ကုလသမဂ္ဂ အထူးသံတမန်တစ်ဦးက လုံခြုံရေးကောင်စီတွင် သောကြာနေ့က ပြောကြားသည်။

ဆွေးနွေးခဲ့

ပြန်ပေးဆွဲခံထားရသော အစ္စရေးတပ်ဖွဲ့ဝင်များကို ချွင်းချက်မရှိ ပြန်လည်လွှတ်ပေးရန် အစ္စရေးနိုင်ငံက တောင်းဆိုလျက်ရှိပြီး ကြားခံလူများမှတစ်ဆင့်ဟစ်ဇ်ဘိုလာအဖွဲ့နှင့် စေ့စပ်ဆွေးနွေးနိုင်မည်မဟုတ်ဟု အစ္စရေးအစိုးရက ပြောဆိုကြောင်း အစ္စရေးအစိုးရအဖွဲ့ အထက်တန်းတာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ပြီးနောက် ကုလသမဂ္ဂ အထူးသံတမန် ဗီဂျေနန်ဘီအာက ပြောကြားသည်။

အထူးသံတမန် နန်ဘီအာသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အစီအစဉ်အရ အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်သည့် အဖွဲ့ဝင်သုံးဦးပါ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။

ကုလသမဂ္ဂ ကိုယ်စားလှယ်ဖွဲ့သည် အစ္စရေးနှင့် လက်ဘနွန် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မဝေးသောအနာဂတ်ကာလတွင် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားအုပ်စုတို့ တရားဝင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရန် မလွယ်ကြောင်း ကုလသမဂ္ဂ သံတမန်က ပြောကြားသည်။

တိုက်တွန်း

သို့ရာတွင် တိုက်ခိုက်နေမှုများ ချက်ချင်းရပ်စဲရန်၊ သံတမန်ရေးအရ ကြိုးပမ်းမှုများ အရှိန်အဟုန်မြှင့်တင်ရန်၊ အရပ်သူအရပ်သားများ သေကျေပျက်စီးမှု နည်းစေရေး ဆောင်ရွက်ရန်နှင့် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများလုပ်ဆောင်နိုင်ရေးအတွက် အားထုတ်ကြရန် ကိုဖီအာနန်က လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံအား ကြာသပတေးနေ့က တိုက်တွန်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror အင်တာနက်သတင်း

အင်ဒိုနီးရှားတွင် ဇီဝဒီဇယ်ဆီစက်ရုံများ တည်ဆောက်မည် ပီလောပီနံနှင့်ကြံကို အသုံးပြု၍ လောင်စာထုတ်လုပ်ရန်စီစဉ်

ဂျကာတာ ဇူလိုင် ၂၂

ဇီဝဒီဇယ်ဆီထုတ်လုပ်ရန်အတွက် စက်ရုံရှစ်ရုံတည်ထောင်ရန် အင်ဒိုနီးရှားအစိုးရက ပြင်ဆင်နေကြောင်း ဂျကာတာပို့စ် သတင်းစာက ဇူလိုင် ၂၀ရက်တွင် ဖော်ပြသည်။

ဈေးနှုန်းကြီးမားနေသော ရုပ်ကြွင်းလောင်စာများကို အသုံးပြုနေရာမှ ပီလောပီနံနှင့် ကြံကိုအသုံးပြုကာ အစားထိုးလောင်စာဖြစ်သော အခြားလောင်စာများကို ထုတ်လုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ယခုစီမံချက်ကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိသျှ ဓာတုဗေဒ အင်ဂျင်နီယာတစ်ဦး ဇီဝဒီဇယ် လောင်စာထုတ်လုပ်ရေးစက်ရုံတွင် သုတေသနပြု လေ့လာနေသည်ကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လောင်စာဆီတန်ချိန်

အထက်ပါသတင်းကို အင်ဒိုနီးရှား စက်မှုဝန်ကြီး ဖာမီအိုင်ဒရစ်က ဂျကာတာမြို့တွင် ပြုလုပ်သော အစည်းအဝေးတွင် ဇူလိုင် ၁၉ရက်က ပြောကြားခဲ့သည်။ မကြာမီတည်ဆောက်ရန် စီစဉ်ထားသော ဇီဝဒီဇယ်ဆီစက်ရုံ တစ်ရုံလျှင် တစ်နှစ်လျှင် လောင်စာဆီတန်ချိန် ၃၀၀၀ မှ ၆၀၀၀ အထိ ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

ဖော်ပြပါအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်သော်လည်း ယခုတိုင်အောင် စက်ရုံတည်ဆောက်မည့် နေရာများကို ရွေးချယ်ခြင်း မပြုရသေးပေ။ အင်ဒိုနီးရှားနိုင်ငံရှိ ဒေသဆိုင်ရာ အစိုးရရုံးများကို စက်ရုံတည်ဆောက်ရန် သင့်တော်မည့်နေရာ ရွေးချယ်ကြရန် စက်မှုဝန်ကြီးဌာနက ကမ်းလှမ်းထားသည်။

စက်ရုံတည်နေရာ

စက်ရုံတည်နေရာ ရွေးချယ်ရာတွင် ကုန်ကြမ်းရရှိနိုင်သောနေရာများဖြစ်သည့် ဆီအုန်းခြံများနှင့် နီးစပ်ရာဒေသဖြစ်ခြင်း သို့မဟုတ် ပီလောပီနံနှင့် ကြံစိုက်ပျိုးရာဒေသများနှင့် အလှမ်းမကွာခြင်း စသည့် အချက်များကို အခြေခံ၍ စက်ရုံတည်နေရာကို ရွေးချယ်သွားမည်ဖြစ်သည်ဟု အိုင်ဒရစ်က ပြောကြားသည်။

ထိုစက်ရုံများ တည်ဆောက်ရန်အတွက် အင်ဒိုနီးရှား နိုင်ငံသုံးငွေ ရူပီး ဘီလီယံ ၆၀ ကျခံသုံးစွဲသွားမည်ဖြစ်သည်။ ထိုငွေများကို ၂၀၀၆ခုနှစ် အစိုးရဘတ်ဂျက်မှ ကျခံသုံးစွဲသွားမည်ဖြစ်သည်။ ထိုရင်းနီးမြှုပ်နှံမှုအနက်မှ အချို့ကို စက်ရုံလည်ပတ်ရန်အတွက်လည်း သုံးစွဲသွားမည်ဖြစ်သည်။ ယင်းစက်ရုံများကိုတည်ဆောက်ပြီးလျှင်ဒေသဆိုင်ရာ အာဏာပိုင်များလက်သို့ အင်ဒိုနီးရှားအစိုးရက လွှဲပြောင်းပေးသွားမည်ဖြစ်သည်။ ***အင်တာနက်။***

ပင်လယ်လိပ်များ၏ ကျက်စားနေထိုင်ပုံသဘာဝ ဂြိုဟ်တုနည်းပညာအသုံးပြု၍ လေ့လာမည်

ကွာလာလမ်ပူ ဇူလိုင် ၂၂

မလေးရှား သိပ္ပံပညာရှင်များသည် ပင်လယ်လိပ်ကြီးများ၏ ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှု အခြေအနေနှင့် ပတ်သက်၍ ဂြိုဟ်တုနည်းပညာသုံး၍ လေ့လာသွားရန် စီစဉ်လျက်ရှိကြောင်း ဇူလိုင် ၂၂ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ပင်လယ်လိပ်ကြီးများ၏ ရွှေ့ပြောင်းနေထိုင်ကျက်စားမှုသဘာဝကို လေ့လာနိုင်ရန် ဂြိုဟ်တုနည်းပညာအသုံးပြု၍ လေ့လာရာတွင် ရင်းဂစ်ငွေ ငါးသန်း (အမေရိကန် ဒေါ်လာ ၁ဒသမ၃၅သန်း) ကျခံသုံးစွဲမည်ဖြစ်သည်။

ပင်လယ်လိပ်အမျိုးမျိုး၏ ကျက်စားနေပုံသဘာဝကို လေ့လာရာတွင် အထူးသဖြင့် မျိုးသုဉ်းမည့်အန္တရာယ်ကျရောက်နေသော Leatherback အမျိုးအစား ပင်လယ်လိပ်များကို အလေးအနက်ထား လေ့လာမည်ဖြစ်ကြောင်း အဏ္ဏဝါဇီဝဗေဒ သုတေသီတစ်ဦးက ပြောကြားသည်။

မလေးရှားနိုင်ငံမြောက်ပိုင်း တီရင်ဂါနူးပြည်နယ်သည် ပင်လယ်လိပ်များ ကျက်စားနေထိုင်ရာ ပြည်နယ်ဖြစ်ပြီး ပြည်နယ်အစိုးရ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် သုတေသနလုပ်ငန်းကို လုပ်ကိုင်သွားမည်ဖြစ်သည်။

ပင်လယ်လိပ်ကြီးများ သားပေါက်ရန် ကမ်းခြေရှိရာသို့ ရောက်ရှိလာချိန်တွင် လိပ်များ၏ ကိုယ်ခန္ဓာ၌ အီလက်ထရွန်နစ် သတင်းအချက်အလက်မှတ်တမ်းတင် ကိရိယာများကို တပ်ဆင်ပေးမည်ဖြစ်ပြီး နောက်ပိုင်းကာလတွင် ယင်းလိပ်များ၏ ကျက်စားသွားလာပုံကို ဂြိုဟ်တုနည်းပညာဖြင့် ဆက်လက်လေ့လာသွားနိုင်မည်ဖြစ်သည်။

မလေးရှားနိုင်ငံ တီရင်ဂါနူးပြည်နယ်တွင် သားပေါက်လေ့ရှိသော ပင်လယ်လိပ်များသည် လိပ်ဥများအား ဥချပြီးနောက် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံ တို့သို့ ရွှေ့ပြောင်းသွားလာသည်ကို တွေ့ရကြောင်း သုတေသနလေ့လာချက် တစ်ရပ် တွင်ဖော်ပြသည်။ ***အင်တာနက်။***

မလေးရှားနိုင်ငံ တီရင်ဂါနူးပြည်နယ်တွင် တွေ့ရသည့် Leatherback ပင်လယ်လိပ်တစ်ကောင်။ (ဓာတ်ပုံ-အင်တာနက်)

ဝန်ကြီးဦးဉာဏ်ဝင်း အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၆ခုနှစ် ဇူလိုင် ၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီဂျစ် အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာမက် အာဘူဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၈၂) နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်၌ ဝါတွင်းကာလ အထူး တရားစခန်းပွဲများကို တစ်လနှစ်ကြိမ် ဖွင့်လှစ်လျက်ရှိရာ ဒုတိယ တရားစခန်းပတ်ကို ဝါခေါင်လဆန်း ၆ရက်မှ ၁၅ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် အဖွဲ့ချုပ်၏ နာယက ရန်ကင်းမြို့နယ် ဘုရားလေးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာဏအရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

တရားရုံးချုပ်အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

နေပြည်တော်တွင် ဇွန် ၂၆ရက်မှ ၂၈ရက်ထိ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင် ၁၂ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်တရားသူကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် မွန်ပြည်နယ်တရားသူကြီး ဦးအောင်ဝင်းက တရားသူကြီးချုပ်၏ မှာကြားချက်နှင့် အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်း၍ သထုံခရိုင်တရားသူကြီး ဦးငွေးမြင့်၊ မော်လမြိုင်ခရိုင်တရားသူကြီး ဒေါ်ခင်ဆွေထွန်းနှင့် တရားသူကြီးများ၊ တရားရေးအရာရှိများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ (၂၃-၇-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



(၁၃)ကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၈ရက်က ဗဟန်းမြို့နယ် (၁)လမ်းရှိ ပအိုဝ်းအမျိုးသားဓမ္မာရုံ၌ ကျင်းပရာ တောင်ကြီးပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် သာသနဓဇ ဓမ္မာစရိယမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကလျာဏဓမ္မ (B.A) (BDH) ထံ နာယက ဗိုလ်ချုပ်စိုးမြင့်(ငြိမ်း)-ဒေါ်တင်တင်ဥမိသားစုက ဝါဆိုသင်္ကန်းဆက်ကပ်ကြစဉ်။ (က-ပ)

မော်လမြိုင်မြို့ သာမည-မိုးကုတ်ဝိပဿနာ ဈေးကြိုဆန်တန်း ကျောင်းသစ်ကျောင်း၌ ငွေကျပ်သိန်း ၂၅၀၀ကျော် အကုန်အကျခံတည်ဆောက်ဆဲဖြစ်သည့် အလိုတော်ပြည့်ဓမ္မာရုံ တည်ဆောက်ရန်အတွက် ဇွန် ၁၈ရက်က ကျောင်းသစ်ကျောင်း ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ တစ်ဘဝသာသနာ အရှင်သောဘန B.Sc. (Phy) ဆရာတော်ထံ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီးနေ ဦးတင်လှ-ဒေါ်ကျင်ငွေ (ကရဝိက် အမှုန့်မျိုးစုံ) က ငွေကျပ် ၁၀သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကွယ်လွန်သူဦးရွှေသွင်-ဒေါ်ရွှေတင့်(ခ)ဒေါ်မာနီတို့အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းမကြီးနေ ဒေါ်ကျင်ကျင်၊ ဒေါ်မြင့်မြင့်၊ဦးသန်းစိုး၊ ဒေါ်ခင်စိုးမြင့်၊ ဒေါ်ခင်ခင်စန်း၊ ဦးဆွေအောင်၊ ဒေါ်ခင်လေးညို၊ မောင်ဉာဏ်ထွန်း၊ မောင်ပြည့်ဖြိုး မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံရေစက်ချ အနုမောဒနာတရား နာယူပြီးတိ-နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ ပျဉ်းမနားရွှေစင်မင်း စိန်ဇမ္ဗူထိပ်စိန်ရွှေကျောက်မျက်ရတနာရောင်းဝယ်ရေး ဦးကျော်ခင်-ဒေါ်အမာကြည်၊ ညီမဒေါ်သောင်းသောင်း၊ သမီး ဒေါက်တာစိုးလှနောင်-ဒေါ်ဝါဝါကျော်မိသားစုက ငွေကျပ်၁၀၀၀၀၀ကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့လှူဒါန်း

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့သည် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာပြီး ဆေးရုံခန်းမ၌ ကျင်းပသော သက်ကြီး ဘိုးဘွားများအား ဆေးဝါးနှင့် မျက်မှန်များ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်၍ အဘိုးအဘွားများအား နိုင်ငံခြားဆေး၊ တိုင်းရင်းဆေးမျိုးစုံ ထောက်ပံ့လှူဒါန်းကာ မျက်မှန်များ လိုက်လံတပ်ဆင်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ရှိ ဆေးရုံများမှ အထူးကု ဆရာဝန်ကြီး ရှစ်ဦးတို့ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်း ၃၁ ဦးတို့က ဒေသခံ ပြည်သူများအား ရောဂါရှာဖွေ စမ်းသပ်ခြင်း၊ ကုသမှုပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ဆေးရုံ၌ တက်ရောက်နေသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့သည် သုံးခွမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာပြီး ဆေးရုံဝင်းအတွင်း၌ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် လူနာဆောင်များကို လိုက်လံကြည့်ရှုကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား အားဆေးများနှင့် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် ဆေးရုံဝင်းအတွင်း ဆောက်လုပ်ပြသထားသည့် ယင်လုံအိမ်သာကို ကြည့်ရှုကြသည်။

ကျန်းမာသန့်ရှင်းရေး

ထို့နောက် တိုင်းမှူးနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့သည် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသော သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေး လုပ်ငန်း ရှင်းလင်းပွဲနှင့် မသန်စွမ်း ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမှုထံမှ ရာသက်ပန် အသင်းဝင် အဆိုပြုလွှာ စောင်ရေ ၁၀၀၀ ကို လက်ခံကာ မသန်စွမ်း ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်လုံအိမ်သာ

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က ယင်လုံအိမ်သာခွက်များနှင့် အခြေခံပညာကျောင်းများအတွက် သန့်ရှင်းရေးသုံး ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဇနီးတို့သည် သန်လျင်မြို့နယ် သစ်တောဦးစီးဌာနက ကျင်းပသည့် ၂၀၀၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်များ ဝေငှပေးအပ်ပြီး အမှတ်တရ သစ်ပင်များ ပါဝင်စိုက်ပျိုးပေးကြကာ သန်လျင်မြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၀၆-၂၀၀၇ ခုနှစ် ခြံစည်းရိုး ကြက်ဆူစိုက်ခင်း ၇၅ ဧကပျိုးဥယျာဉ်နှင့်ခြင်းဖြင့် စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်း ရေလှောင်တမံ၌ ငါးလုပ်ငန်းဦးစီးဌာနက ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ရေလှောင်တမံအတွင်းသို့ ငါးသားပေါက်များအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်း ရေလှောင်တမံအတွင်းသို့ ငါးသားပေါက်များအား မျိုးစိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နေဦး Offset၊ Top Choice ဗလာစာအုပ်လုပ်ငန်း၊ Richy Fashion Square ပိုင်ရှင် ဒေါက်တာ နေဦး-ဒေါ်ပို့ပို့၊ သား မောင်မိုးထိုက်၊ မသီတာချို၊ သမီး မအိမိုးမိုး၊ သားငယ် မောင်ခြိမ့်ဇော် သားသမီးမြေးများက အလှူတော်ငွေကျပ်သုံးသိန်းနှင့် ဝန်ထမ်းများက အလှူတော်ငွေကျပ် သုံးသိန်း စုစုပေါင်း အလှူတော်ငွေကျပ်ခြောက်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် ကျောင်းဆောင်အတွက် ဇူလိုင် ၁၆ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနေ ဦးတင်အောင်-ဒေါ်ကျင်ပု (စံပြရွှေရတနာဆိုင်)မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံကာ ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တရာဇိန္ဒက ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

တွေ့ဆုံ မှာကြား

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရွှေဖက်စပ်လုပ်ငန်းရှင်များ ထုတ်လုပ်မှုတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေဖက်စပ်လုပ်ငန်းရှင်များ ထုတ်လုပ်မှုတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရွှေဖက်စပ်လုပ်ငန်းရှင်များ ထုတ်လုပ်မှုတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ယင်းအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဗဟို ဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံ ရွှေဖက်စပ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသူတော်၊ ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရွှေဖက်စပ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အဖွင့် အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သတ္တုတွင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းမြင့်က သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ ဆိုင်ရာကိစ္စများနှင့် ရွှေဈေးနှုန်း တည်ငြိမ်ရေး၊ ထိန်းသိမ်းရေးလုပ်ငန်း ဆိုင်ရာများကို လည်းကောင်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးလှသိန်းက ပြည်နယ်နှင့်တိုင်းအလိုက် ရွှေလျှာထားချက် ထုတ်လုပ်မှုတို့ကို ပရိဂျက်တာဖြင့် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် မြန်မာနိုင်ငံ ရွှေဖက်စပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်တို့က အကြံပြု ဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများမှ တာဝန်ရှိသူများက ဒေသဆိုင်ရာ အုပ်ချုပ်ရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရွှေဖက်စပ်လုပ်ငန်းရှင်များက ၎င်းတို့၏ ဆောင်ရွက်ချက်များ၊ အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးလှသိန်းက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ပြောကြားသည်။

အမှာစကား

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံခြားဝင်ငွေရရှိနေသော လုပ်ငန်းရှင်များအနေဖြင့် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ
နိုင်ငံ၏လိုအပ်ချက်လည်းဖြစ်၊ ကိုယ်တိုင်အတွက်လည်း အကျိုးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှ

* **ရှေ့ဖုံးမှ**

ရှေးဦးစွာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်၏ စက်မှုကဏ္ဍအခြေအနေမှာ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ (Agro-based Industry)မှသည် ဘက်စုံစက်မှုဖွံ့ဖြိုးရေး (Industrialization)သို့ စတင်ကူးပြောင်းစ အနေအထားဖြစ်ကြောင်း။

ယင်းအခြေအနေတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကပံ့ပိုးပေးရမည့် လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဟန်ချက်ညီညီယှဉ်တွဲတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ စီမံလမ်းညွှန်မှုနှင့်အညီ စက်မှုဖွံ့ဖြိုးရေးအတွက် အဓိကကျသော လျှပ်စစ်စွမ်းအားကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်စေရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကိုအမှတ်(၁)နှင့် အမှတ်(၂) ဝန်ကြီးဌာနနှစ်ခု တာဝန်ခွဲဝေပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအပိုင်းတို့ကို သီးသီးခြားခြားစီ ပိုမိုအားထည့်ဆောင်ရွက်နိုင်ရန် စီမံပေးထားပြီးဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင် ယခင်အခါက အကြီးစားနှင့် အလတ်စားလုပ်ငန်းများကို နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပြီး ပုဂ္ဂလိကကဏ္ဍက ဆောင်ရွက်နိုင်ခြေရှိသည့် အလတ်စားလုပ်ငန်းအချို့နှင့် အသေးစားလုပ်ငန်းများအား ပုဂ္ဂလိကကဏ္ဍကို ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း။

ထုတ်လုပ်မှုသည် စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၁၅၀၀ ခန့်ရှိပြီး ယခင်ကထက် တစ်ဆတိုးပြီး ထုတ်လုပ်သုံးစွဲနေခြင်းဖြစ်ကြောင်း။

တည်ဆောက်ဆဲ ရေအားလျှပ်စစ်လုပ်ငန်းများမှ တိုးမြှင့်ထုတ်လုပ်ပေးလာမည့် လျှပ်စစ်ဓာတ်အားကို လက်ရှိဖြန့်ဖြူးဆဲ မဟာဓာတ်အားလိုင်းစနစ်အတွင်းသို့ ပေါင်းစည်းပေးနိုင်စေရန် မဟာဓာတ်အားလိုင်း တိုးချဲ့မှုအစီအမံများလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့ ဒေသသုံးလျှပ်စစ်ဓာတ်အားလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး အကြီးစားရေအားလျှပ်စစ်စီမံကိန်းများနှင့် မဟာဓာတ်အားလိုင်းတိုးချဲ့မှုအစီအစဉ်များလည်း အကောင်အထည်ပေါ်လာသည့်အချိန်တွင် မြောင်းတကာ ဓာတ်မြေဩဇာစက်ရုံနှင့် သံမဏိသံရည်ကျိုလုပ်ငန်းများ၊ သန့်လျင် သီလဝါ အထူးစက်မှုဇုန်လုပ်ငန်းများ အပါအဝင် တစ်နိုင်ငံလုံးရှိ စက်မှုလုပ်ငန်းအသီးသီးမှာလည်း အရှိန်

စီမံကိန်းတွင် GDP အပေါ် စက်မှုကဏ္ဍ၏ပါဝင်မှုအချိုးကို ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ခုနှစ်၌ ၁၈ ဒသမ ၉ ရာခိုင်နှုန်း၊ ဒုတိယနှစ်မှစ၍ ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၃ ဒသမ ၃ ရာခိုင်နှုန်း ၂၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၉ ရာခိုင်နှုန်းအထိ အသီးသီး နှစ်စဉ်တိုးတက်အောင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

တတိယကာလတို (၅)နှစ်စီမံကိန်းကာလအတွင်း တည်ဆောက်ခဲ့သည့် လျှပ်စစ်ဓာတ်အား စီမံကိန်းများမှာလည်း ယခုနှစ်မှစတင်၍ အသီးသီးထွက်ရှိလာပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ရာ စက်မှုကဏ္ဍအနေဖြင့်လည်း လိုက်လျောညီထွေ တိုးတက်ဖြစ်ထွန်းစေရအောင်၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မှု၏ အရှိန်အဟုန်သိသာစွာ မြှင့်တင်ပေးနိုင်စေရအောင်၊ Take-Offဖြစ်အောင် ပုဂ္ဂလိကကဏ္ဍကရော စီမံဆောင်ရွက်ပေးရမည့် အထက်အဖွဲ့အစည်းများအပိုင်း

ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး၊ပြည်ပကဝင်ရောက်နေသော ကုန်ပစ္စည်းအချို့ကို ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြင့် အစားထိုးပြီး နိုင်ငံခြားငွေသုံးစွဲရမှု သက်သာစေရေးနှင့် ယင်းငွေကြေးကို စက်မှုလက်မှုလုပ်ငန်းသစ်များ ထူထောင်ရာတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးတို့ပင်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုအပိုင်းနှင့် ပတ်သက်၍ နိုင်ငံခြားဝင်ငွေရရှိနေသော လုပ်ငန်းရှင်များအနေဖြင့် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံကြဖို့သင့်ကြောင်း၊ နိုင်ငံ၏လိုအပ်ချက်လည်းဖြစ် ကိုယ်တိုင်အတွက်လည်း အကျိုးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုမျိုးကို ရင်းနှီးမြှုပ်နှံလာကြစေရေးအတွက် စပ်ဟပ်ပေးဖို့၊ နည်းလမ်းညွှန်ပြပေးဖို့၊ လှုံ့ဆော်စည်းရုံးပေးဖို့လိုကြောင်း။

စက်မှုကဏ္ဍ၏ ပိုင်ဆိုင်မှုအချိုးအနေဖြင့်ကြည့်လျှင် ပုဂ္ဂလိကကဏ္ဍက ၉၂ ဒသမ ၃၆ ရာခိုင်နှုန်း ပါဝင်နေသဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိက

ပြည်ပမှဝင်ရောက်နေသော ကုန်ပစ္စည်းမ
မိမိနိုင်ငံတွင် ထုတ်လုပ်နိုင်သော ကုန်ပစ္စည်း
များ၊ နောက်ထပ်ရင်းနှီးမြှုပ်နှံမှု အနည်းငယ်
လုပ်နိုင်သော ကုန်ပစ္စည်းအမျိုးအစားများကို
မည့် စက်မှုလက်မှုလုပ်ငန်းများကို အားပေး
လိုကြောင်း။

လက်ရှိပြည်တွင်း၌ ထုတ်လုပ်သော
များ၏ ထုတ်လုပ်မှုနည်းစနစ်များအား အ
လေ့လာပြီး အလေအလွင့်နည်းပါးစွာ၊ ကုန်
သက်သာစွာ၊ အရည်အသွေးပိုမိုကောင်းမွန်စွာ
မည့် နည်းလမ်းများကို upgrade လုပ် မြှင့်
ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံမှ
ငွေကြေးနည်းပညာတတ်နိုင်သဖြင့် အမယ်သ
သစ်များ အသုံးပြုကြသော်လည်း မိမိတို့အနေဖြ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တွင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး
လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တ
ရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗို
မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။ (သ

ယခုအခါတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တစ်နိုင်ငံလုံးအသုံးနှင့် ဒေသသုံးလုပ်ငန်းများ ခွဲခြားကာ Localized နှင့် Nationalizedထုတ်လုပ်ဖြန့်ဖြူးသွားမည့် အစီအမံများ စနစ်တကျစီမံဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရပိုင်းက စီမံတည်ဆောက်နေဆဲဖြစ်သည့် အကြီးစားနှင့် အလတ်စား ရေအားလျှပ်စစ်လုပ်ငန်းများ၏ ထုတ်လုပ်နိုင်မှုစွမ်းအားသည် မဂ္ဂါဝပ် ၅၀၀၀ ခန့်ရှိကြောင်း၊ ယနေ့နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား

အဟုန်ဖြင့် ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း၊ ဤမျှော်မှန်းချက်ဖြင့် စက်မှုလုပ်ငန်းများကို ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရန် ကြိုတင်စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ပြီးခဲ့သည့် တတိယကာလတို(၅) နှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၀၅-၂၀၀၆ခုနှစ် အခြေအနေ၌ ၂၀၀၅-၂၀၀၆ ဈေးနှုန်းဖြင့်တွက်ချက်လျှင် တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးသည် ၁၇ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ကြောင်း၊ ယင်းအခြေခံအပေါ်မူတည်ပြီး စတုတ္ထကာလတို (၅)နှစ်

နှင့် နိုင်ငံတော်အပိုင်းကပါ ဖင့်နွှေးကြန့်ကြာ မနေဘဲ အားလုံးက တက်တက်ကြွကြွ ယုံယုံကြည်ကြည်ဖြင့် အချိန်ကိုက်ကြိုးစားဆောင်ရွက်ကြဖို့ သင့်ကြောင်း။

ယခုကာလအတွက် ရည်မှန်းချက်ထားဆောင်ရွက်သင့်သည်များကို ပြောရလျှင် ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရေး၊ နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိစေမည့် နည်းပညာရရှိရေးနှင့် ပြည်တွင်း၌နည်းပညာပြန့်ပွားရေး၊ နိုင်ငံတော်၏အရင်းအမြစ်နှင့်ကုန်ကြမ်းများကို ပိုမိုထိရောက် အကျိုးရှိစွာအသုံးချပြီး တန်ဖိုးမြှင့် ကုန်ချောများ

ကဏ္ဍသည် အဓိကအားထားရမည့် အင်အားစုပင်ဖြစ်ကြောင်း။

ထို့အပြင် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံတော်အနေဖြင့် ကနဦးကာလများကစတင်၍ အစဉ်တစိုက်စောင့်ရှောက်ထားရှိခဲ့သည့်မူဝါဒဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍ အားပေးမြှင့်တင်ရေးကို နိုင်ငံတော်ကဆက်လက်၍ စဉ်ဆက်မပြတ်အရှိန်မြှင့်တင် အားပေးသွားမှာပင်ဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက အားပေးပံ့ပိုးလျက်ရှိသည်နှင့်အညီ ပုဂ္ဂလိကကဏ္ဍအနေဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့ရန်အလားအလာကောင်းမွန်သည့် စက်မှုလုပ်ငန်းများကို ဆန်းစစ်ရွေးချယ်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားဖို့ တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍသည် အလားအလာကောင်းနေသည့်အားလျော်စွာ တိုးတက်လာသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံ၍ တီထွင်ကြံဆမှုများဖြင့် ပေါင်းစပ်ပြီး အဆင့်မြှင့် ကုန်ချောအဆင့် တန်ဖိုးကြီးသော ကုန်ချောအဆင့်အထိ ထုတ်လုပ်လျက် သွင်းကုန်များကို အစားထိုးခြင်းသာမက ပို့ကုန်အဖြစ်ပါ ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ယနေ့စားသုံးမှု ကျယ်ပြန့်ကြီးထွားလာနေသော ပြည်ပမှတင်သွင်းရသည့် ခေတ်မီစားသုံးကုန်ပစ္စည်းများမှာ မိမိနိုင်ငံထွက် သီးနှံများကို အခြေခံထုတ်လုပ်ထားသည်ဖြစ်၍ စားသောက်ကုန်လုပ်ငန်း ထုတ်လုပ်သည့် စက်ကိရိယာများတင်သွင်းပြီး စားသောက်ကုန်လုပ်ငန်းများ ထူထောင်သင့်ကြောင်း၊ ယင်းစားသောက်ကုန်လုပ်ငန်းများကို နိုင်ငံတော်ကလည်း အားပေးပြီး အောင်မြင်ဖြစ်ထွန်းသည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုလျှင် ယနေ့ကဲ့သို့ စားသောက်ကုန်များတင်သွင်းနေရသည့်အစား မိမိတို့က ပြန်လည်တင်ပို့နိုင်သည့် အခြေအနေ ရောက်ရှိလာမှာဖြစ်ကြောင်း။

သစ်တောကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုကဏ္ဍ စသည်တို့တွင်လည်း တန်ဖိုးကြီးသော ကုန်ချောအဆင့်အထိ ထုတ်လုပ်၍ တင်ပို့ရောင်းချနိုင်ရေးအတွက် လိုအပ်သော စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ဖို့လိုကြောင်း။

Engineering နည်းအသုံးပြု ထုတ်လုပ်နိုင်
အတွေ့အကြုံနှင့် အရည်အချင်းများရှိပြီးဖြစ်သ
ယင်းနည်းကိုလည်း လိုအပ်သလိုအသုံးပြုသ

မိမိတို့အနေဖြင့် အားသာချက်ရှိသော၊ အ
ကောင်းသော စက်မှုလုပ်ငန်းများကို စိတ်ကြို
ထူထောင်ရမည်ဖြစ်ရာ ဆန်နှင့် ဆန်ထွက်
စပါးခွံ၊ ဖွဲကြမ်း၊ ဖွဲနု၊ ပဲနှင့် ပဲထွက်ပစ္စ
ဂျုံထွက်ပစ္စည်း စသည့် စိုက်ပျိုးသီးနှံဖြင့်သ
စက်မှုလုပ်ငန်းများ၊ သားငါးနှင့် သက်ဆိုင်
လုပ်ငန်းများ၊ သစ်တောထွက်ပစ္စည်းနှင့် သ
စက်မှုလုပ်ငန်းများ၊ ရော်ဘာ၊ ဝါဂွမ်း၊ ဂုန်နီစ
များနှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများ
အလားအလာများစွာ ရှိနေသည့်အတွက် မိမိတို့
ရာ လုပ်ငန်းများကို ရွေးချယ်ဆောင်
ဖြစ်ကြောင်း။

သာဓကအနေဖြင့် မြေရိုင်းများဖော်ထုတ်
စိုက်ပျိုးသည်မှစ၍ စားအုန်းဆီအချောသန့်စင်
သည်အထိ ထုတ်လုပ်မှုလုပ်ငန်း အစမှအဆုံး
ရွက်နိုင်သည့် လုပ်ငန်းတစ်ရပ် အောင်မြင်ဖြ
သည်ကို တွေ့ရကြောင်း၊ စိတ်ဓာတ်၊ ခွဲလုံ့
နိုင်ငံတော်အပေါ်ယုံကြည်မှုတို့ဖြင့် ပေါင်း
ဆောင်ရွက်ခြင်းအားဖြင့် ထုတ်လုပ်မှုဖြစ်
အဆုံးတိုင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြ
ယင်းသို့ ထုတ်လုပ်မှုဖြစ်စဉ်အဆင့်ဆင့်ကို အ
ဆောင်ရွက်နိုင်သည့် စက်မှုလုပ်ငန်းများကို
ရွေးချယ်ထူထောင်ကြဖို့ စဉ်ဆက်မပြတ် အ
သင့်ကြောင်း။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့ပြ
ရည်တူ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ရမည့်
လျက်ရှိရာတွင် ကျေးလက်လျှပ်စစ်မီးရရှိရေ
ကြက်ဆူဆီ အသုံးပြုသည့် စက်ကိရိယာမ
ထုတ်လုပ်ဖို့လိုကြောင်း၊နိုင်ငံတော်အကြီးအကဲ၏
ရရှိသည်နှင့် တစ်ပြိုင်နက် ကြက်ဆူဆီစိုက်
တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်ဖြ

ယခုကာလအတွက် ရည်မှန်းချက်ထား ဆောင်ရွက်သင့်သည်များ

ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရေး၊ နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိစေမည့် နည်းပညာရရှိရေးနှင့် ပြည်တွင်း၌ နည်းပညာပြန့်ပွားရေး၊ နိုင်ငံတော်၏အရင်းအမြစ်နှင့် ကုန်ကြမ်းများကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး၊ ပြည်ပကဝင်ရောက်နေသော ကုန်ပစ္စည်းအချို့ကို ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြင့် အစားထိုးပြီး နိုင်ငံခြားငွေသုံးစွဲရမှု သက်သာစေရေးနှင့် ယင်းငွေကြေးကို စက်မှုလက်မှုလုပ်ငန်းသစ်များ ထူထောင်ရာတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး။

...ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံကြဖို့သင့်
...စ်စေမည့် ရင်းနှီးမြှုပ်နှံမှုမျိုးကို ရင်းနှီးမြှုပ်နှံလာကြစေရန် လှုံ့ဆော်စည်းရုံး

ပြည်ပမှဝင်ရောက်နေသော ကုန်ပစ္စည်းများအနက်မှ မိမိနိုင်ငံတွင် ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းအမျိုးအစားများ၊ နောက်ထပ်ရင်းနှီးမြှုပ်နှံမှု အနည်းဆုံးဖြင့်ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းအမျိုးအစားများကို ထုတ်လုပ်နိုင်မည့် စက်မှုလက်မှုလုပ်ငန်းများကို အားပေးထူထောင်ဖို့လိုကြောင်း။

လက်ရှိပြည်တွင်း၌ ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုနည်းစနစ်များအား အမြဲဆန်းစစ်လေ့လာပြီး အလေအလွင့်နည်းပါးစွာ၊ ကုန်ကျစရိတ်ပိုမိုသက်သာစွာ၊ အရည်အသွေးပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်မည့် နည်းလမ်းများကို upgrade လုပ် မြှင့်တင်ပေးရမှာဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ငွေကြေးနည်းပညာတတ်နိုင်သဖြင့် အမယ်သစ်နည်းပညာသစ်များ အသုံးပြုကြသော်လည်း မိမိတို့အနေဖြင့်Reverse

ခဲ့သည့်အလျောက် နောင်နှစ်နှစ်ခန့်အတွင်း ဒီဇယ်အစားထိုး ကြက်ဆူဆီ အသုံးပြုသည့် စက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်နှင့် အခြေခိုင်ခံ့စွာ ဖြစ်ထွန်းလာတော့မှာဖြစ်ကြောင်း။

အလားတူပင် ဓာတ်ဆီအစားထိုးအီသနောကို ကြံမှထုတ်လုပ်နိုင်တော့မည်ဖြစ်ရာ နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရသည့် ဒီဇယ်ဆီနှင့် ဓာတ်ဆီအစားထိုး ကြက်ဆူဆီနှင့် အီသနောထုတ်လုပ်မှုမှတစ်ဆင့် နောက်ကာလတွင် bio-fuel ထုတ်လုပ်သည့်အဆင့်သို့ တက်လှမ်းလာတော့မှာဖြစ်ကြောင်း၊ သို့ဖြစ်၍ ကြက်ဆူဆီနှင့် အီသနောအသုံးပြုသည့် စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ယခုကပင် ကြိုတင်စီမံထူထောင်သွားကြဖို့လိုကြောင်း။

ထို့အပြင် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သည့် စက်ပစ္စည်းကိရိယာများထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊

လက်တွေ့နယ်ပယ်ဖြစ်သော စက်ရုံ အလုပ်ရုံတို့အား ဆက်စပ်ပေးခြင်း စသည်တို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရှေ့အဖို့တွင် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ အဆင်ပြေချောမွေ့အောင် အားပေးမြှင့်တင်ဆောင်ရွက်သွားနိုင်ရန် လိုလားကြောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများလည်း တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် ပေါင်းစပ်ညှိနှိုင်းမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်လာသည့် အခြေအနေရှိကြောင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာသည်နှင့်အမျှ နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးခဲ့သည့် မှန်ကန်သောမူဝါဒနှင့် လမ်းညွှန်ချက်များသည် ယနေ့ လက်ငင်းမြင်တွေ့နေရသော အကျိုးရလဒ်ကောင်းများအဖြစ် အောင်အောင်မြင်မြင် ပေါ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက စက်မှုလက်မှုလုပ်ငန်း စာရင်းအမှန်ရရှိရေး၊ စာရင်းဇယား ကောက်ယူရန်အတွက် စာရင်းဇယားပုံစံများချမှတ်ရေး၊ စာရင်းဇယားကောက်ယူရေးအဖွဲ့ ဖွဲ့စည်းရေးနှင့် တာဝန်ပေးအပ်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံ၏စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး ဆောင်ရွက်ထားမှုအခြေအနေများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ငါးလုပ်ငန်းများနှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်နှင့် နို့ထွက်ပစ္စည်း၊ အသားထွက်ပစ္စည်း၊ ကြက်သားပေါက်၊ တိရစ္ဆာန်အစားအစာထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံစာရင်း ဖော်ပြချက်များကို လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က သတ္တုနှင့် သတ္တုထွက်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး ဆောင်ရွက်ထားမှုအခြေအနေ တင်ပြချက်များကို လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သစ်တောကဏ္ဍနှင့် သစ်အခြေခံ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

Engineering နည်းအသုံးပြု ထုတ်လုပ်နိုင်ကြကြောင်း၊ အတွေ့အကြုံနှင့် အရည်အချင်းများရှိပြီးဖြစ်သည့် အတိုင်းယင်းနည်းကိုလည်း လိုအပ်သလိုအသုံးပြုသင့်ကြောင်း။

မိမိတို့အနေဖြင့် အားသာချက်ရှိသော၊ အလားအလာကောင်းသော စက်မှုလုပ်ငန်းများကို စိတ်ကြိုက်ရွေးချယ်ထူထောင်ရမည်ဖြစ်ရာ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ စပါးခွံ၊ ဖွဲကြမ်း၊ ဖွဲနု၊ ပဲနှင့် ပဲထွက်ပစ္စည်း၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်း စသည့် စိုက်ပျိုးသီးနှံဖြင့်သက်ဆိုင်သော စက်မှုလုပ်ငန်းများ၊ သားငါးနှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများ၊ သစ်တောထွက်ပစ္စည်းနှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများ၊ ရော်ဘာ၊ ဝါဂွမ်း၊ ဂုန်နီစသည့် ပစ္စည်းများနှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများ စသည်ဖြင့် အလားအလာများစွာ ရှိနေသည့်အတွက် မိမိတို့နှင့်ဆီလျော်ရာ လုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

သာဓကအနေဖြင့် မြေရိုင်းများဖော်ထုတ်ပြီး ဆီအုန်းစိုက်ပျိုးသည်မှစ၍ စားအုန်းဆီအချောသန့်စင်ထုတ်လုပ်နိုင်သည်အထိ ထုတ်လုပ်မှုလုပ်ငန်း အစမှအဆုံးတိုင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းတစ်ရပ် အောင်မြင်ဖြစ်ထွန်းလာသည်ကို တွေ့ရကြောင်း၊ စိတ်ဓာတ်၊ ဖွဲလုံ့လစွန့်စားမှု၊ နိုင်ငံတော်အပေါ်ယုံကြည်မှုတို့ဖြင့် ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် ထုတ်လုပ်မှုဖြစ်စဉ် အစမှအဆုံးတိုင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ရာ ယင်းသို့ ထုတ်လုပ်မှုဖြစ်စဉ်အဆင့်ဆင့်ကို အလျင်မပြတ်ဆောင်ရွက်နိုင်သည့် စက်မှုလုပ်ငန်းများကို ဦးစားပေးရွေးချယ်ထူထောင်ကြဖို့ စဉ်ဆက်မပြတ် အားပေးကြဖို့သင့်ကြောင်း။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့ပြနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်လာစေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိရာတွင် ကျေးလက်လျှပ်စစ်မီးရရှိရေးအပါအဝင် ကြက်ဆူဆီ အသုံးပြုသည့် စက်ကိရိယာများ တီထွင်ထုတ်လုပ်ဖို့လိုကြောင်း၊နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုရရှိသည်နှင့် တစ်ပြိုင်နက် ကြက်ဆူပင်စိုက်ပျိုးမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်ရှိရှိ ဆောင်ရွက်

ကျောက်မျက်နှင့် သတ္တုတူးဖော်ရာနှင့် အချောထည်ပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ အနုပညာနှင့် ရိုးရာယဉ်ကျေးမှုပစ္စည်းများ ထုတ်လုပ်မှုနှင့်စပ်လျဉ်းသည့် ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများအပြင် စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍတို့နှင့်သက်ဆိုင်သော စက်မှုလက်မှုလုပ်ငန်းများလည်း တဖြည်းဖြည်း အားကောင်းလာမည်ဖြစ်ရာ လေ့လာဆန်းစစ် ရွေးချယ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားနှင့်အတူ သဘာဝဓာတ်ငွေ့ကိုလည်း မကြာမီသောကာလတွင် ပိုမိုသုံးစွဲနိုင်တော့မှာဖြစ်ကြောင်း၊ နည်းပညာနှင့်စပ်လျဉ်း၍ ပညာရေးအဆင့်အတန်း မြှင့်တင်ခြင်း၊ တိုးတက်လာသော နည်းပညာလေ့လာမှုများကို အားပေးမြှင့်တင်ခြင်း၊ နည်းပညာရပ်ဆိုင်ရာ သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ခြင်း၊ လုပ်ငန်းခွင်လေ့လာမှုများကို တိုးချဲ့ခြင်း၊ သုတေသနလုပ်ငန်းများနှင့်

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နောင်ကာလတွင် ဆောင်ရွက်သွားရမည့်အခြေအနေနှင့် ခေတ်သစ်၏ သဘောအရ speed, skill, flexibility ဆိုသည့် အရည်အသွေးများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းမှုများသည် အလွန်ပင် သွက်လက်မြန်ဆန်မှန်ကန်နေရမည်ဖြစ်ကြောင်း၊ ချို့ယွင်းမှုများကို ဖယ်ရှားလျက် ပိုမိုသွက်လက်မြန်ဆန်စွာဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန် ပဏာမအနေဖြင့် မှာကြားလိုကြောင်းပြောကြားသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သံရည်ကျိုစက်ရုံလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ၊ ငွေကြေးထည့်ဝင်မှုအခြေအနေ၊ မိုနှင့် ဒိုင်စက်ရုံ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ ဘတ်စ်ကားကြီးများနှင့် ထရပ်ကားကြီးများ ထုတ်လုပ်မှုအခြေအနေ၊ စက်မှုဇုန်များတွင် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များ ထုတ်လုပ်မှုအခြေအနေ၊ CNG အင်ဂျင်ပြောင်းလဲတပ်ဆင်ရန်အတွက် လှည့်ပတ်ရန်ပုံငွေသုံးစွဲမှုအခြေအနေ၊ အထူးစီးပွားရေးဇုန်များ တည်ထောင်ဆောင်ရွက်မှုအခြေအနေ၊ စက်မှုလုပ်ငန်းသုံး သံကုန်ကြမ်းများရရှိရေးလုပ်ငန်းနှင့် မြောင်းတကာ သံရည်ကျိုစက်မှုဇုန် လုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ထားရှိမှုနှင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့် တိုင်းအလိုက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က မန္တလေး၊ မုံရွာ၊ တောင်ကြီး(အေးသာယာ) စက်မှုဇုန်များရှိ သံရည်ကျိုစက်ရုံများ၏ တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က စက်မှုလုပ်ငန်းသုံး သံကုန်ကြမ်းများရရှိရေး ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မြောင်းတကာ သံရည်ကျိုစက်မှုဇုန်လုပ်ငန်း အကောင်အထည်ဖော်မှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာချို့ဝင်းမော်က မြန်မာနိုင်ငံတွင် စားသောက်ကုန်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မန္တလေး၊ မုံရွာ၊ တောင်ကြီးစက်မှုဇုန် သံရည်ကျိုစက်မှုလုပ်ငန်း ကုမ္ပဏီများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများကို ကုမ္ပဏီဥက္ကဋ္ဌများကလည်းကောင်း၊ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထွက် စက်မှုဇုန်အလိုက် ဆောင်ရွက်မည့် အစီအမံများကို စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများကလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များ အပေါ်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေ ၆ နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၇-၂၀၀၆ (တနင်္ဂနွေနေ့)

၁၃၆၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ တန်ခိုးတော်အနန္တပြည့်ဝမွမ်းထုံ ရွှေစည်းခုံ
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၅ ၈။ မြို့လှ တပ်ကုန်း ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၄၀ ၄။ **မြန်မာဗီဒီယိုဇာတ်လမ်း "လျှပ်စီးလက်သလိုအချစ်" (ကျော်ဟိန်း၊အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၁:၁၀ ၅။ အဆိုပြိုင်ပွဲ
၁:၂၅ ၆။ ဆင်းရွှေစပါးစိုက်သူများ စီးပွားရေးတွေအမှန်တိုးပွား
၁:၃၅ ၇။ အကပြိုင်ပွဲ
၁:၅၀ ၈။ အရာတော်ရေလှောင်တမံ
၂:၀၅ ၉။ အတီးပြိုင်ပွဲ
၂:၂၀ ၁၀။ **"ပေါင်ပေါ်ကျတဲ့မီး" (ရဲအောင်၊ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှန်းဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)**
၂:၃၅ ၁၁။ ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ
၂:၄၅ ၁၂။ International News.
၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) (အထက-၄၊စမ်းချောင်း) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ – တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၁၅ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၃၀ ၈။ မိုးလေဝသအခြေအနေ
၆:၃၅ ၉။ သီရိဂေဟာ
၆:၅၅ ၁၀။ Discovery
၇:၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖြူစင်မေတ္တာ" (အပိုင်း-၁၆)**
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်"(အပိုင်း-၄)**
၁၆။ နောက်တစ်နေ့အစီအစဉ်
၁၇။ အစီအစဉ်ပြီး၏။

▲ **ကျောဖုံးမှ**

တိုးချဲ့ဖောက်လုပ်ခြင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး မြို့နယ်အင်ဂျင်နီယာ ဦးငွေစိုးလွင်က မင်းတပ်-မတူပီလမ်းကို မိုင်တိုင်အမှတ်(၂၀/၀)မှ (၇၀/၀)အထိ လမ်းတိုးချဲ့ဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကားလမ်းပေါ် ရေမကျော်ရေး၊ ရေတိုက်စားမှုကာကွယ်ရေး စီမံဆောင်ရွက်ရေး၊ ရေမြောင်းများကို ရေဆင်းကောင်းသောနေရာများအထိ ဖောက်လုပ်ထားရှိရေး၊ ကတ္တရာပေါက်ပြဲသောနေရာများကို ပြန်လည်ပြုပြင်ဆောင်ရွက်ရေး မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၃၇/၆)အနီး၌ မင်းတပ်-မတူပီလမ်းမှ ရွှေအောင်းသာကျေးရွာအထိ ဖောက်လုပ်ထားသော ဒေသဖွံ့ဖြိုးရေး လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းသည် မင်းတပ်-မတူပီကားလမ်းမှ ပလိပ်တွီကျေးရွာအထိ ၁၄ မိုင် ၆ဖာလုံ၊ ရွှေအောင်းသာကျေးရွာအထိ ၃၆မိုင်၊ ၇ဖာလုံရှိပြီး လမ်းအကျယ်မှာ ၁၄ပေရှိကာ ကျောက်ခင်းလမ်းဖြစ်ပြီး ထီးလင်းမြို့သို့ သွားသောလမ်းဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၃၈)ရှိ မင်းတပ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခြံစည်းရိုးကြက်ဆူပျိုးစခန်းသို့ရောက်ရှိကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပျိုးစခန်း၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၀၀၀၀ နှင့် မျိုးစေ့ ၁၀၀၀၀ စုဆောင်း ပျိုးထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ထွက်ခွာကြရာ မိုင်တိုင်အမှတ်(၅၀/၀)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းအား ကတ္တရာခင်းကျင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၅၆/၀)အနီး တွီဒိန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တခေမိန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်-မတူပီကားလမ်း မိုင်တိုင်အမှတ်(၅၉/၇)၌ မြေထိန်းကျောက်နံရံများ တည်ဆောက်ထားရှိမှုနှင့် လမ်းတိုးချဲ့နေမှု အခြေအနေများကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၆၄/၄)အနီး၌ မြေထိန်းကျောက်နံရံများ တည်ဆောက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ မင်းတပ်-မတူပီလမ်းအား မုန်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော အရှည်ပေ ၅၀ ရှိ မုန်းချောင်းဘေလီသံပေါင်တံတား ကြံ့ခိုင်မှုနှင့် ချောင်းရေစီးဆင်းမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဒေသဖွံ့ဖြိုးရေးလမ်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၇၀/၀)အနီး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဒေသခံပြည်သူတို့ ပူးပေါင်းဆောင်ရွက်သော လေရှီ-ကြုတ်ရွာ ဒေသဖွံ့ဖြိုးရေးလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒေသခံတိုင်းရင်းသား ဦးကီးချွဲက လေရှီ-ကြုတ်ရွာ ဒေသဖွံ့ဖြိုးရေးလမ်းဖောက်လုပ်ခြင်းနှင့် လမ်းနှင့်သက်ဆိုင်သည်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဆန်းအောင်၊ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဖေသိန်းနှင့် ဒေသခံ တိုင်းရင်းသားပြည်သူတစ်ဦးတို့က လေရှီ-ကြုတ်ရွာ ဒေသဖွံ့ဖြိုးရေးလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဧည့်သည်တော်များသည် လေရှီ-ကြုတ်ရွာ ဒေသဖွံ့ဖြိုးရေးလမ်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

လွယ်ကူစွာ သွားလာနိုင်

ယခုဖွင့်လှစ်သော လေရှီ-ကြုတ်ရွာ ဒေသဖွံ့ဖြိုးရေးလမ်းသည် ဂျစ်ကားလမ်းဖြစ်ပြီး လမ်းအရှည် ရှစ်မိုင်၊ခြောက်ဖာလုံရှိသည်။ အဆိုပါလမ်းကို ဒေသခံပြည်သူများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖောက်လုပ်နိုင်ခဲ့ပြီး ဒေသထွက်ကုန်ပစ္စည်းများကို မင်းတပ်-မတူပီလမ်းမှတစ်ဆင့် အခြားဒေသများသို့ ဆက်သွယ်တင်ပို့နိုင်မည်ဖြစ်သည်။ ကြုတ်ရွာမှ အိမ်ခြေ ၁၁၂အိမ်၊ လူဦးရေ ၆၆၉ဦး၊ လေရှီရွာမှ အိမ်ခြေ ၄၀၊ လူဦးရေ ၂၁၀ နှင့် ယင်းဒေသခံတိုင်းရင်းသားများ လွယ်ကူစွာ သွားလာအသုံးပြုနိုင်မည်ဖြစ်သည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်-မတူပီကားလမ်း မိုင်တိုင်အမှတ်(၉၄/၆)အနီး ခြိန်းပြန်းကျေးရွာရှိ ဓမ္မနိမ္မိတာရုံ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တဓမ္မနန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းတပ်-မတူပီလမ်းပေါ်ရှိ လည်မျိုတံတားသို့ ရောက်ရှိကြပြီး လည်မျိုမြစ်၏ ရေစီးရေလာအခြေအနေနှင့် တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး တံတားအနီး၌ ဒေသခံပြည်သူများ၏ အထွက်တိုးရွှေရင်အေးစပါးမျိုး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မတူပီမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့်ဘောလုံးပွဲ စီးပွား/ကူးသန်းအသင်း အနိုင်ရ ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၂၂

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စီးပွား/ကူးသန်းအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့သည် ယနေ့ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှု အားပေးပြီး အနိုင်ရဗိုလ်စွဲသွားသော စီးပွား/ကူးသန်းအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

စီးပွား/ကူးသန်းအသင်း သုံးဂိုး
(တင်မင်းထွန်း၊ ကျော်ဇင်ဝင်းနှင့် မျိုးလှိုင်ဦး တစ်ဂိုးစီ)
ဘဏ္ဍာ/အခွန်အသင်း နှစ်ဂိုး
(ကျော်ကျော်စိုးနှင့် မျိုးလှိုင်ဝင်း)
ဒိုင်လူကြီး ဦးဝင်းချို

အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် ကစားခဲ့သောကြောင့် စီးပွား/ကူးသန်းအသင်းမှာ ကွင်းဖွင့်ချန်ပီယံဆုကြီးကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းမှာ ၈၈ မိနစ်အထိ တစ်ဂိုးအနိုင်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲပြီးခါနီးမှ ချေပဂိုးပြန်ပေးခံရပြီး အချိန်ပိုတွင် အရေးနိမ့်ခဲ့၍ ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသည်။

အဆင့်မြင့်တန်း ထိပ်သီးအသင်းအဖြစ်ရပ်တည်နိုင်သော်လည်း ချန်ပီယံဆုများနှင့် ဝေးနေသည်မှာ ကြာပြီဖြစ်သည့် စီးပွား/ကူးသန်းအသင်းမှာ ယနေ့ဗိုလ်လုပွဲတွင် အနိုင်ရရှိရေး အထူးကြိုးစား ကစားသွားခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းမှာ ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာတွင် ရှိခဲ့သော်လည်း ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရသလို ယမန်နှစ် ကွင်းဖွင့်ဗိုလ်လုပွဲတွင်လည်း ကမ္ဘောဇကို အချိန်ပို၌ရှုံးခဲ့ရာ နှစ်နှစ်ဆက်တိုက် ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရသည်။

ပွဲအစတွင် ဘဏ္ဍာ/အခွန်အသင်း ခြေအနည်းငယ်အသာဖြင့် ကစားနိုင်ခဲ့ပြီး သုံးမိနစ်တွင် အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်း ဖန်တီးပေးသော ဘောလုံးမှတစ်ဆင့် ကျော်ကျော်စိုးက ဘဏ္ဍာ/အခွန်အတွက် ဦးဆောင်ဂိုး ရရှိသွားသည်။ ထို့နောက်ပိုင်းတွင် နှစ်သင်းစလုံး အခွင့်အရေးများရရှိသော်လည်း အသုံးမချနိုင်၍ ပထမပိုင်းအပြီးတွင် ဘဏ္ဍာ/အခွန်က တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် ချေပဂိုး ရရှိရန် ကြိုးစားလာသော စီးပွား/ကူးသန်းအသင်း ဖိကစားလာနိုင်ပြီး ဘဏ္ဍာ/အခွန်အသင်း တိုက်စစ်ထက် ခံစစ်ကို ဦးစားပေး ကစားလာရသည်။ ဘဏ္ဍာ/အခွန် နောက်တန်းမှာ စီးပွား/ကူးသန်း တိုက်စစ်ကို မလွှတ်တမ်း ဖျက်ထုတ်ရင်းမှ ပွဲချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်းပြိုဆင်းလာရာ ပွဲပြီးခါနီးတွင် ချေပဂိုး ပြန်ပေးလိုက်ရသည်။ ၄၃မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် တင်မင်းထွန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

စီးပွား/ကူးသန်းအသင်းသည် ကစားအား ကျနေသော ဘဏ္ဍာ/အခွန် နောက်တန်းကို အခွင့်ကောင်းယူ၍ အချိန်ပိုတွင် အမြန်နှုန်းတင်ပြီး တိုက်စစ်ဆင်လာသည်။ အချိန်ပို နှစ်မိနစ်တွင် ကျော်ဇင်ဝင်းက ဒုတိယဂိုး၊ ၁၀မိနစ်တွင် မျိုးလှိုင်ဦးက တတိယဂိုးတို့ကို သွင်းယူခဲ့သဖြင့် စီးပွား/ကူးသန်း နှစ်ဂိုးဆက် ရရှိသွားသည်။ ဘဏ္ဍာ/အခွန်ကလည်း ချေပဂိုးရရန် ပြန်ကြိုးစားလာရာ ၁၂မိနစ်တွင် မျိုးလှိုင်ဝင်းက ဒုတိယဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ ချေပဂိုး ထပ်မသွင်းနိုင်၍ စီးပွား/ကူးသန်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ကွင်းဖွင့်ချန်ပီယံ စီးပွား/ကူးသန်းအသင်းမှာ ကွာတားဖိုင်နယ်၌ ဆက်၊စာ၊ကြေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည့်ပွဲ၊ ဆီမီးဖိုင်နယ်၌ ပိုဆောင်ရေးကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်သည့်ပွဲ၊ ယခုဗိုလ်လုပွဲ၌ ဘဏ္ဍာ/အခွန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည့်ပွဲ သုံးပွဲစလုံး အချိန်ပိုကျမှ အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒုတိယဆုရ ဘဏ္ဍာ/အခွန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ စီးပွား/ကူးသန်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရ စီးပွား/ကူးသန်းအသင်းအား တံခွန်စိုက်ဖလား၊ ဆင့်ပွားဖလားနှင့် ငွေကျပ် သိန်း ၃၀ ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

ကွင်းဖွင့်ချန်ပီယံ စီးပွား/ကူးသန်းအသင်း။ ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

တံခွန်စိုက်ဆုဖလား ချီးမြှင့်

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ပထမဆုရ စီးပွား/ကူးသန်းအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (ကြေးမုံ)

မှတ်သားဖွယ်ရာ မိုးရေချိန်

(၂၂-၇-၂၀၀၆)

မောင်တော	၂ ဒသမ ၈၈ လက်မ
ကျောက်တော်	၁ ဒသမ ၅၀ လက်မ
ရန်ကုန်(မြို့လယ်)	၁ ဒသမ ၃၄ လက်မ
အမ်း	၁ ဒသမ ၃၀ လက်မ
ထားဝယ်	၁ ဒသမ ၁၈ လက်မ
နေပြည်တော်	၀ ဒသမ ၁၅ လက်မ

ယခုအခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မှားယွင်းသောအစီရင်ခံစာတင်ပြပြီး မြန်မာနိုင်ငံကို အရေးယူရန်ဆောင်ရွက်နေ မိမိတို့မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ယင်းအစီရင်ခံစာအပေါ် လေ့လာသုံးသပ်မှုများ ပြုလုပ်လျက်ရှိ

* မြန်မာနိုင်ငံအပေါ်မှ

ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ပါမောက္ခ ဒေါ်သန်းနွဲ့တို့လည်း တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက ယခုကဲ့သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လာရောက်တွေ့ဆုံ ဆွေးနွေးသည့်အတွက် နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီး မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်နိုင်ငံလုံးတွင် ပြည်နယ်နှင့်တိုင်းအဆင့်မှသည် ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အမျိုးသမီးရေးရာအဖွဲ့များဖွဲ့စည်းထားပြီး ရည်ရွယ်ချက်(၇)ချက်ကို ဦးတည်ထားကာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအမျိုးသမီးများအတွက် ရှေ့ဆောင်အဖွဲ့အစည်းကြီး တစ်ခုလည်းဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးတွင် ဌာနကြီး(၆)ခု၊ လုပ်ငန်းအဖွဲ့(၆)ဖွဲ့ ဖွဲ့စည်းထားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့အနက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနေဖြင့် မြန်မာအမျိုးသမီးများ၏ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝမြှင့်တင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုကုန်ကူးမှုမှ တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးကို အမျိုးသမီးငယ်၊ ရွယ်အဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများ ဝင်ငွေတိုးစေရန် သက်မွေးသင်တန်းများ ပေးခြင်း၊ အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးဌာနများ ဖွင့်လှစ်ကူညီခြင်း၊ တိုင်စာအဖွဲ့ ဖွဲ့၍ဖြေရှင်းပေးခြင်း၊ နယ်လှည့်နှစ်သိမ့်ဆွေးနွေး အကြံပေးသင်တန်း အဖွဲ့ ဖွဲ့၍ ပြည်နယ်နှင့်တိုင်းများ၌ သင်တန်းများပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့။

ယင်းသို့ မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ပေးသောလုပ်ငန်းများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ပံ့ပိုးပေးသောလုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ မိမိတို့အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ ဆောင်ရွက်နေသော အဖွဲ့ကြီးဖြစ်ကြောင်း၊ အမျိုးသမီးများ ဆင်းရဲနွမ်းပါးမှု လျော့နည်းရေးအတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးခြင်းနှင့် သင့်လျော်သောအလုပ်အကိုင်များကို ရှာဖွေဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်ငန်းများ၊ ငါးအအေးခန်းလုပ်ငန်းများရပ်ဆိုင်းခဲ့ရပြီး မြန်မာအမျိုးသမီးငယ်လေးများ အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ ယင်းသို့စီးပွားရေးပိတ်ဆို့မှု ဆိုးကျိုးများကြောင့် မြန်မာအမျိုးသမီးငယ်လေးများသည် လူမှောင်ခိုကုန်ကူးခံရမှုများ ပိုမိုဖြစ်လာနိုင်ကြောင်း၊ မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝလုံခြုံရေးတို့ ထိခိုက်စေခြင်းနှင့် စပ်လျဉ်း၍ မိမိတို့မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြေညာချက်/ကန့်ကွက်စာနှင့် ထုတ်ပြန်စာတို့ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ယခုအခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မှားယွင်းသော အစီရင်ခံစာ တင်ပြပြီး မြန်မာနိုင်ငံကို အရေးယူရန် ဆောင်ရွက်နေကြသည်ကို သိရှိရကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ယင်းအစီရင်ခံအပေါ် လေ့လာသုံးသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း။

မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံငယ်တစ်ခုအပေါ် အားပေးကူညီထောက်ပံ့ခြင်းမပြုဘဲ ယခုကဲ့သို့ ဖိအားပေးဟန့်တားမည်ဆိုလျှင် ပြည်သူများအား ကူညီရာမရောက်ကြောင်း၊ မြန်မာနိုင်ငံ၏အခြေအနေကို နိုင်ငံရေးပယောဂဖြင့် ပြုလုပ်ခြင်းမပြုဘဲ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအပေါ်အပြုသဘောဖြင့် ပြန်လည်သုံးသပ်သင့်ကြောင်းနှင့် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝမြှင့်တင်ရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ချက်များကို Powerpoint ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ဒုတိယအတွင်းဝန် Mr. Dean Tidwellက လူကုန်ကူးခြင်းခံရမှုအခြေအနေ၊ အမျိုးသမီးများစာတတ်မြောက်မှုနှင့် သင်ကြားမှု အစီအစဉ်များ၊ အသေးစားချေးငွေများနှင့် စပ်လျဉ်း၍ မေးမြန်းသည်။

ယင်းမေးမြန်းချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက လူကုန်ကူးခြင်းခံရသူအများစုသည် နယ်စပ်ဒေသဖြတ်ကျော်ရန် လွယ်ကူသော အရပ်ဒေသများမှ ဖြစ်ပွားလေ့ရှိပြီး မြန်မာနိုင်ငံအလယ်ပိုင်းမှ အမျိုးသမီးများပင်လျှင် လူကုန်ကူးမှုခံရသူများရှိကြောင်း၊ သက်ကြီးအမျိုးသမီး စာတတ်မြောက်မှုမှာ ၈၀ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ပညာရေးဌာနမှ သတ်မှတ်ထားသော အသုံးလုံးသင်ကြားမှုအစီအစဉ်များရှိကြောင်း၊ အဆိုပါသတ်မှတ်ထားသော အစီအစဉ်များနှင့်ပင် သင်ကြားနေကြောင်း၊ ပြည်နယ်များတွင်သာမက မြန်မာပြည်အနှံ့ဆောင်ရွက်နေကြောင်း၊ မြန်မာတစ်ပြည်လုံး၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့က ခန့်မှန်းချေငွေပမာဏ ငွေကျပ် ရှစ်သန်းခန့်ဖြင့် ထောက်ပံ့ကူညီနေကြောင်း၊ အတိုးနှုန်း (၂) ရာခိုင်နှုန်းသာယူကြောင်း၊ လူကုန်ကူးခြင်း ၆၇၇မှုကို ပြည်ထဲရေးဝန်ကြီးဌာနက ရရှိကြောင်း၊ နယ်စပ်ဒေသများ၌ တားဆီးကာကွယ်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး တားဆီးပညာပေး ပြန်လွှတ်လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နေကြောင်း ရှင်းလင်းဆွေးနွေးဖြေကြားသည်။

ဆက်လက်၍ Ms. Sarah Burkley က မြန်မာနိုင်ငံအနေဖြင့် မည်သို့သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း၊ မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ချက်များ ရှိ၊ မရှိနှင့် မိသားစုအတွင်း အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကိုမေးမြန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်ထူးရော်က လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများအနေဖြင့် အသိပညာပေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ အသေးစားချေးငွေထုတ်ပေးခြင်းလုပ်ငန်းများ၊ Mobile Team များဖွဲ့၍ ပြည်နယ်နှင့်တိုင်းများ၌ သင်တန်းများပို့ချခြင်း၊ နှစ်သိမ့်ဆွေးနွေး အကြံပေးဌာနများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လူကုန်ကူးမှုပြဿနာများကို ပူးပေါင်းဖြေရှင်းနိုင်ရေးအတွက် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် မြန်မာ-တရုတ်အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံပုဂံမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံ တာဝန်ရှိသူများကလည်း ပူးပေါင်းဆောင်ရွက်နေကြောင်း၊ မိသားစုအတွင်းအကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ သုတေသနပြုဆောင်ရွက်ခဲ့ကြောင်း၊ မိသားစုအတွင်း ဝင်ငွေမလုံလောက်ခြင်း၊ ခင်ပွန်းဖြစ်သူက အရက်သေစာ အလွန်အကျွံသောက်စားခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်ခြင်းနှင့် အတူနေ ဆွေမျိုးများကြောင့် ပြဿနာများဖြစ်ရခြင်းတို့သည် အကြမ်းဖက်မှုများ ဖြစ်ပွားစေသော အကြောင်းရင်းများဖြစ်ကြောင်း တွေ့ရှိရ၍ အမျိုးသမီးများ ဝင်ငွေတိုးစေရန် သက်မွေးသင်တန်းများပေးခြင်း၊ အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေး အကြံပေးဌာနများ ဖွင့်လှစ်ကူညီခြင်း၊ တိုင်စာအဖွဲ့ဖွဲ့၍ဖြေရှင်းပေးခြင်း၊ နယ်လှည့်နှစ်သိမ့်ဆွေးနွေး အကြံပေးသင်တန်း အဖွဲ့ ဖွဲ့၍ ပြည်နယ်နှင့်တိုင်းများ၌ သင်တန်းများပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းဆွေးနွေးဖြေကြားသည်။

ယင်းနောက် အမေရိကန်သံရုံး ဒုတိယအတွင်းဝန် Mr. Dean Tidwell က လူကုန်ကူးမှု တားဆီးရေးဥပဒေသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လွန်စွာမှ ပြည့်စုံကောင်းမွန်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က လူကုန်ကူးမှု တားဆီးရေးဥပဒေကို ကျွမ်းကျင်သူများ၏ အကူအညီဖြင့် မိမိတို့မြန်မာနိုင်ငံ၌ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ Victim Cantre Lawတစ်ခုဖြစ်ကြောင်း၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့အနေဖြင့် မြန်မာအမျိုးသမီးများ၏ အခြေအနေနှင့် အခွင့်အရေးများကို လေ့လာရာ၌ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CEDAW)၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (CRC)၊ မြန်မာနိုင်ငံကလေးသူငယ် ဥပဒေတို့နှင့် ဆက်စပ်၍လေ့လာကြောင်း၊ ထို့ပြင် Universal Declaration of Human Rights (UDHR)၊ Charter of the Union၊ အခြားလူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းတို့ကို လေ့လာခဲ့ကြောင်း၊ အဆိုပါ လေ့လာချက်များအရ မြန်မာနိုင်ငံ၌ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိကြောင်း၊ လက်ထပ်ထိမ်းမြားရာတွင်ဖြစ်စေ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအရာတွင်ဖြစ်စေ၊ အမွေ ဆက်ခံရာတွင်ဖြစ်စေ Fundamentalအခွင့်အရေးများ ရရှိကြောင်း၊ အထူးသဖြင့် အဆင့်မြင့် ပညာရေးတွင် ပါရဂူဘွဲ့ရ အမျိုးသမီးများ အရေအတွက် ပိုမိုများပြားကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် Ms. Sarah Burkley နှင့် Mr. Dean Tidwell တို့က မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းစွာသိရှိခွင့်ရသည့်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

(သတင်းစဉ်)

ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက်က ရန်ကုန်မြို့ ဇေယျဝတီတိုင်း ဓမ္မာရုံ၌ကျင်းပရာ ကျိုက်လတ်မြို့နယ်အသင်းဥက္ကဋ္ဌဗိုလ်မှူးမောင်ညိမ်း(ငြိမ်း)နှင့် အသင်းသူအသင်းသားများက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(မြို့နယ်ပြန်/ဆက်)

မင်္ဂလာတောင်ညွန့်မြို့နယ်ကူးတို့ဆိပ်ရပ်ကွက် မင်္ဂလာသြဘာလမ်းနေ ကွယ်လွန်သူ ဒေါ်သိန်းမေ (ထက်အောင်သာဆားစက်)အားရည်စူး၍ ခင်ပွန်းဖြစ်သူ ဦးထွန်းရှိန်နှင့်သားသမီး မြေးတစ်စုက ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဝဲပုံကျောင်းတိုက်အတွင်း ဓမ္မရသ ကမ္မဋ္ဌာန်းကျောင်းဆောက်လုပ်ရန် အတွက် အလှူငွေကျပ်နှစ်သိန်းကို သာသနာပြုယောဂီတစ်ဦးနှင့် ယောဂီဦးအန်းကုန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေသင်္ကန်းတော်လုံခြုံရေးအတွက် ပန်းတင်ခုံသံပန်းကာရန် ကမ္ဘာကျော်နှင့် Jurassic Snack မိသားစုက အလှူငွေကျပ် ၂၅၀၀၀၀ ကို ဇူလိုင် ၂၁ ရက်က ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်ထံပေးအပ်လှူဒါန်းစဉ်။

(၆၄)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ ကုမ္ပဏီအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Ltd. မှ Vice President Mr.Makin Petplai ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ရုံးခန်းမသို့ လာရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Company Ltd., မှ Vice President Mr. Makin Petplai ဦးဆောင်သော အဖွဲ့လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ကုမ္ပဏီဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Electric Equipment Co-operation ဥက္ကဋ္ဌ Mr. Zaho Ruolin သည် ဇူလိုင် ၂၀ရက် နံနက် ၈နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အတူ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၈)နှစ်အောက် ပြည်နယ်/တိုင်း ဘော်လီဘောပြိုင်ပွဲ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၂၂

၂၀၀၆ခုနှစ် (၁၂)ကြိမ်မြောက် အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျိုက္ကဆံကွင်းရှိ မိုးလုံလေလုံခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး အနိုင်ရ ဗိုလ်စွဲသွားသော မကွေးတိုင်းအမျိုးသားအသင်းနှင့် ဧရာဝတီတိုင်း အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းများပေးအပ်ချီးမြှင့်သည်။

အသီးသီးနိုင်

အမျိုးသမီးဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းက ကယားပြည်နယ်ကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲတွင် မကွေးတိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)ကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အား/ကာ ညွှန်ကြားရေးမှူး ဦးနော်တောင်က အမျိုးသမီးပြိုင်ပွဲ ပူးတွဲတတိယဆုရ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအသင်းတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ဒုတိယဆုရ ကယားပြည်နယ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ပထမဆုရ ဧရာဝတီတိုင်းအသင်းကိုလည်းကောင်း တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အား/ကာညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက အမျိုးသားပြိုင်ပွဲ ပူးတွဲတတိယဆုရ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့ကိုလည်းကောင်း၊ အား/ကာညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ မကွေးတိုင်းအသင်းကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပထမဆု ရရှိကြသော ဧရာဝတီတိုင်း အမျိုးသမီးအသင်းနှင့် မကွေးတိုင်း အမျိုးသားအသင်းတို့အား တံခွန်စိုက်ဒိုင်းများ ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

ပြည်နယ်နှင့်တိုင်း အသက် (၁၈)နှစ်အောက် အမျိုးသားဘော်လီဘော ချန်ပီယံ မကွေးတိုင်းအသင်း။ (ကြေးမုံ)

ပြည်ပအားကစား သတင်းများ

ပက်ထရစ်ဗီယာရာ အင်တာမီလန်သို့ ရောက်လုပြီ

မီလန် ဇူလိုင် ၂၂

ပြင်သစ်ကွင်းလယ်ကစားသမား ပက်ထရစ်ဗီယာရာအား ဂျူဗင်တပ်စ်အသင်းမှ အင်တာမီလန်အသင်းသို့ အသင်းပြောင်းရွှေ့ကြေး ယူရိုငွေ ၁၃သန်းခန့်ဖြင့်ခေါ်ယူရန် လမ်းပွင့်သွားပြီဖြစ်ကြောင်း ဇူလိုင် ၂၂ရက်အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဂျူဗင်တပ်စ်အသင်းနှင့် အင်တာမီလန်အသင်းတို့သည် ဗီယာရာအား ခေါ်ယူရေးဆိုင်ရာ စည်းမျဉ်းသတ်မှတ်မှုများနှင့် ပတ်သက်၍ ကြာသပတေးနေ့က သဘောတူညီခဲ့ကြောင်း အီတလီနိုင်ငံတွင် ထုတ်ဝေသည့် သတင်းစာများက ဇူလိုင် ၂၂ရက်တွင် ဖော်ပြသည်။

အတန်းဆင်းရန်

ဗီယာရာသည် အီတလီချန်ပီယံဂျူဗင်တပ်စ်အသင်းမှ ထွက်ခွာတော့မည်ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် လုပ်ပွဲများကစားမှုဖြင့် အီတလီစီးရီးအေပြိုင်ပွဲမှ အတန်းဆင်းရန် မကြာမီက ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

ဂျူဗင်းတပ်စ်အသင်းသည် လွန်ခဲ့သည့်တစ်နှစ်က ဗီယာရာအား ခေါ်ယူနိုင်ရန် အာဆင်နယ်အသင်းကိုပေးခဲ့သည့် အသင်းပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ထက် ပိုမိုလျော့နည်းသော ငွေကြေးဖြင့် အင်တာမီလန်အသင်းသို့ လွှဲပြောင်းပေးရမည်ဖြစ်သည်။ **အင်တာနက်။**



ယှဉ်ပြိုင်

ဇူလိုင် ၉ရက်က ဘာလင်တွင်ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြင်သစ်အသင်းမှ ကွင်းလယ်ကစားသမား ပက်ထရစ်ဗီယာရာ (ယာ) **နှင့် အီတလီအသင်းမှ လူကာတိုနီတို့ ဘောလုံးရရှိရေးယှဉ်ပြိုင်ကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

မာတာရာဇီအား ပြစ်ဒဏ်ပေးမှု ဘောလုံးလောကအတွက် အစဉ်အလာသစ်ဖြစ်လာနိုင်

မီလန် ဇူလိုင် ၂၁

အီတလီအသင်းမှ မာကိုမာတာရာဇီအား ပွဲပယ်သည့် ပြစ်ဒဏ်ပေးမှုသည် ဘောလုံးလောကတစ်ခုလုံးတွင် အစဉ်အလာသစ်ဖြစ်လာနိုင်ကြောင်း အင်တာမီလန် အသင်းဥက္ကဋ္ဌ ဂီယာဆင်တိုဖာချက်တီက ဇူလိုင် ၂၁ရက်တွင် ပြောကြားလိုက်သည်။

ရန်စခဲ့

မာတာရာဇီသည် ပြင်သစ်ဘောလုံးအသင်းမှ ဇီဒန်းအား ရန်စခဲ့ကြောင်း ပြစ်မှုထင်ရှားတွေ့ရပြီးနောက် နှစ်ပွဲ အပယ်ခံရပြီး ဒဏ်ငွေ ပေးဆောင်ခဲ့ရသည်။

ဇီဒန်းမှာမူ သုံးပွဲအပယ်ခံခဲ့ရသည်။ သို့ရာတွင် နိုင်ငံတကာ ဘောလုံးလောကမှ အနားယူသည့် ဇီဒန်းသည် ချမှတ်ခဲ့သောပြစ်ဒဏ်ကို ကျခံသည့် အနေဖြင့် လူထုအကျိုးပြုလုပ်ငန်းများ၌ လုပ်အားပေးသူအဖြစ် ဆောင်ရွက်ရန် သဘောတူခဲ့သည်။

အစဉ်အလာသစ်

မာတာရာဇီနှင့် ဇီဒန်းတို့အား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က အရေးယူခဲ့ခြင်းသည် ဘောလုံးပြိုင်ပွဲများ ကျင်းပခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများနှင့် အစဉ်အလာသစ်များကို ဖြစ်ပေါ်လာစေနိုင်ကြောင်း အင်တာမီလန်အသင်းဥက္ကဋ္ဌက ပြောကြားသည်။

အင်တာနက်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဇီဒန်းနှင့် အချင်းများခဲ့သော အီတလီနောက်တန်းလူ မာတာရာဇီ။

(ဓာတ်ပုံ-အင်တာနက်)

ပေါ်လိုမယ်လ်ဒီနီ

အေစီမီလန်အသင်းမှ အသင်းခေါင်းဆောင် ပေါ်လိုမယ်လ်ဒီနီအား အသင်း၏ ဝတ်စုံသစ်နှင့်အတူ လေ့ကျင့်ရေးကွင်း၌ ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြစ်ဒဏ် ချမှတ်ခံခဲ့ရသော အီတလီအသင်းများ အယူခံဝင်

ရောမ ဇူလိုင် ၂၂

၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် လုပ်ပွဲများကစားနိုင်ရန် ဒိုင်လူကြီးများ၊ စည်းကြပ်ဒိုင်များနှင့် ပူးပေါင်းကြံစည်မှုရှိကြောင်း ပြစ်မှုထင်ရှားသဖြင့် ပြစ်ဒဏ်ချမှတ်ခံရသော ဂျူဗင်တပ်စ်အသင်း၊ အေစီမီလန်အသင်း၊ ဖီအိုရင်တီးနားအသင်းနှင့် လာဇီယိုအသင်းတို့၏ အယူခံလွှာများကို စနေနေ့က စတင်စစ်ဆေးသည်။

ဂျူဗင်တပ်စ်အသင်းသည် လုပ်ပွဲများကစားမှုအတွက် ယင်းအသင်းက နောက်ဆုံးရရှိခဲ့သော ဆုဖလားနှစ်ခုကို ပြန်လည်ရုပ်သိမ်းခံရပြီး လာမည့် ဘောလုံးရာသီတွင် အီတလီ၏ ဒုတိယတန်း စီးရီး-ဘီပြိုင်ပွဲ၌သာယှဉ်ပြိုင်ရန် အမှတ် (အနုတ်-၃၀) လျှော့ချခံခဲ့ရသည်။ ဖီအိုရင်တီးနားနှင့် လာဇီယိုအသင်းတို့မှာလည်း အမှတ်လျှော့ခံရသည့် ပြစ်ဒဏ်နှင့်အတူ စီးရီးဘီသို့ အတန်း ဆင်းရမည်ဖြစ်သည်။

၁၅မှတ် နုတ်ခံရ

မီလန်အသင်းမှာမူ အတန်းဆင်းရခြင်းမရှိသော်လည်း လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ဆုံးရှုံးမည်ဖြစ်ပြီး စီးရီးအေ ဘောလုံးပြိုင်ပွဲတွင် အမှတ် (အနုတ်-၁၅မှတ်)ဖြင့် စတင်ကစားရမည်ဖြစ်သည်။ **အင်တာနက်**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကျန်းမာရေးဆေးပေးခန်းလွှဲအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA)၏ နဝမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း လွှဲပြောင်းပေးအပ်ပွဲနှင့် ပညာမိခင်အဖွဲ့မှ ကျောင်းသူသုံးဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကရင်ဆိပ် စံပြကျေးရွာရှိ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းဝင် ၂၅ဦးတို့က စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၃၃သိန်း ကုန်ကျသည့် ကျေးရွာကျေးလက်ကျန်းမာရေး ဆေးပေးခန်းကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့်အဖွဲ့ထံ စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပညာမိခင်ပညာသင်ထောက်ပံ့ရေးအစီအစဉ်အရ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတည်ထောင်သူ အကြံပေးပုဂ္ဂိုလ်အငြိမ်းစားပါမောက္ခဒေါ်ရီရီမြင့်၊ ဥက္ကဋ္ဌဒေါ်ခင်မြင့်မြင့်၊ အတွင်းရေးမှူး ဒေါ်လှဝတီတို့က မူလတန်းကျောင်းသူသုံးဦးတို့အား မူလတန်းအဆင့်ပြီးဆုံးသည်အထိ ပညာသင်စရိတ်ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။ ယင်းနောက် ဦးမောင်လေး-ဒေါ်ခင်အေးဝင်း (အသင်းဝင်)တို့က ကျေးရွာမူလတန်းနှင့် အလယ်တန်းကျောင်းခွဲအတွက် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၅၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကိုကျင်းပရာ အောင်မင်္ဂလာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမဏ္ဍလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အသင်းတည်ထောင်သူ အကြံပေးပုဂ္ဂိုလ် အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့်၊ အကြံပေးဒေါ်ခင်အေးဝင်း၊ ဒေါ်ခင်ခင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီနှင့် အသင်းဝင်များက ဆရာတော် ဘဒ္ဒန္တမဏ္ဍလနှင့် သံဃာတော်များထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နဝမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကရင်ဆိပ် စံပြကျေးရွာရှိ အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပစဉ်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေဝယ်ယူရေးအတွက် ငွေလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ ရွှေဆိုင်)ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းမှ အလှူတော်ငွေကျပ် ၁၀သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံသီဟသုဓမ္မမဏိဇောတဓရ၊ သဒ္ဓမ္မဇောတိကဓဇ ရွှေမြင်တင်ဦးညိုထံ ဇူလိုင်၅ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူ မောင်တင်မောင်ဆွေ (နှစ်နှစ်ပြည့်) အားရည်စူး၍ တောင်ဥက္ကလာ(၄)ရပ်ကွက်၊ ကေတုမာလာရိပ်သာ(၁)လမ်းနေ ကျန်ရစ်သူမိသားစုက အလှူတော်ငွေ ကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်ဓမ္မာစရိယ (B.A) အရှင်ကောသလ္လ (မြန်အောင်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ရှိ သမိုင်းဝင်ဆံတော်ရှင် ဦးဇိန်စေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း ဘက်စုံတည်ဆောက်ရန်အတွက် ဇူလိုင် ၂၁ရက်က အလှူရှင်မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ကျားတံတား ဦးဇိန်ဘုရားလမ်းနေ ဦးတင်ဖေ-ဒေါ်ထားစိန်မိသားစုက ငွေကျပ်၁၂သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးဝင်းယု လက်ခံယူစဉ်။ (၃၀၇)

စန်းမြသီတာ မဟာစည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ အလုပ်ပေးတရားစခန်းများ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၂)ရပ်ကွက် မုံရွာ စန်းမြသီတာမဟာစည် သာသနာ့ရိပ်သာ(ရန်ကုန်)တိုက်ခွဲ၌ ရိပ်သာပဓာနနာယကဆရာတော် အရှင်ပဏ္ဍိစ္စအရှင်သူမြတ်က ဝါတွင်းကာလ သုံးလပတ်လုံး အလုပ်ပေးတရားစခန်းများဖွင့်လှစ်ထားလျက်ရှိရာ ဒုတိယပတ် အလုပ်ပေးတရားစခန်းပွဲကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၈ ရက်အထိ၊ တတိယပတ်တရားစခန်းကို ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၆ ရက်အထိ၊ စတုတ္ထပတ်တရားစခန်းကို စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၆ ရက်အထိကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများနှင့်လှူဒါန်းဖွယ်ရာများ လှူဒါန်းလိုပါက ရိပ်သာအကျိုးဆောင်အဖွဲ့ ဖုန်း-၅၈၀၇၂၂သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၀၆)

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲ ဟောပြောပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက်က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ် (၁၂၅)ရပ်ကွက် မြအလင်းရောင်စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၀	၁၀။	**ဆရာတော်ဦးဃောသိတ တရားတော် -ကိသုဂေါတမီသုတ်**
၉း၁၀	၁၁။	အပိတ်နှုတ်ဆက်စကား
၉း၁၁	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။	**မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ခုနစ်စင်တီမီတာရှိသောအားသမား**
၁း၅၉	၆။	အပိတ်နှုတ်ဆက်စကား
၂း၀၀	၇။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၅၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။	အမေးကမ္ဘာတွေးစရာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	မိုးလေဝသသတင်း
၆း၂၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅	၁၃။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နန်းတွင်းရတနာ (အပိုင်း-၆၃)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	**အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဗုဒ္ဓမြတ်စွာသာသနာအတွက် တစ်ရက်မနား တစ်သက်ကြိုးစားခဲ့သည့်ဆရာတော်**
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သတ္တိဖျတ္တိ (အပိုင်း-၁၆)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ချောင်လေဝေးဝေး မူးယစ်ဆေး

ဇူလိုင် ၁၈ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်မြို့နယ်ရုံးမှ ဦးစီးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို လှိုင်မြို့နယ် အထက (၂) ကျောင်းတွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီနှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှလှမိုလ်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။(မြို့နယ်ပြန်/ဆက်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၆ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ အာမက်နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းတပ်–မတူပီကားလမ်း တိုးချဲ့ဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး လေရှိ–ကြူတ်ရှာ ဒေသဖွံ့ဖြိုးရေး လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် မင်းတပ်–မတူပီ ကားလမ်း မြေထိန်းကျောက်စီနံရံများ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၂

ချင်းပြည်နယ် မင်းတပ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဆန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၉ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မင်းတပ်မြို့မှ ထွက်ခွာကြပြီး မင်းတပ်–မတူပီကားလမ်း မိုင်တိုင်အမှတ်(၈/၂)နှင့် (၈/၃)အကြား၌ မြေထိန်းကျောက်စီနံရံ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးငွေစိုးလွင်က မြေထိန်းကျောက်စီနံရံကို တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြေထိန်းကျောက်စီနံရံအား တောင်ပြိုနိုင်သည့်အခြားနေရာများတွင်လည်း မြေထိန်းကျောက်စီနံရံများအား အရှည်တည်တံ့အောင် လိုအပ်သော စီမံဆောင်ရွက်မှုများ ဆောင်ရွက်သွားရေး၊ တောင်ပြိုသည့်နေရာများတွင်လည်း မြေထိန်းကျောက်စီနံရံများ တည်ဆောက်နိုင်ရန် ကြိုတင်စီမံထားရှိကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၃၃/၀)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မင်းတပ်–မတူပီလမ်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ▲

မြန်မာနိုင်ငံအပေါ် အားပေးကူညီခြင်းမပြုဘဲ ဖိအားပေးဟန့်တားမည်ဆိုလျှင် ပြည်သူများအား ကူညီရာမရောက် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအပေါ် အပြုသဘော ပြန်လည်သုံးသပ်သင့်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့် အဖွဲ့ဝင်များအား Washington DC, Department of State မှ Foreign Affairs Officer, Ms. Sarah Burkley သည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန် Mr. Dean Tidwell နှင့်အတူ ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေ၊ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်ထူးရော်၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီး ဒုတိယခေါင်းဆောင် ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်ကြည်နှင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** *

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့် အဖွဲ့ဝင်များအား Washington DC, Department of State မှ Foreign Affairs Officer, Ms. Sarah Burkley နှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Dean Tidwell တို့ လာရောက်တွေ့ဆုံစဉ်။ (အမျိုးသမီးရေးရာအဖွဲ့)